# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မီးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)


၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၂၉၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သာပေါင်းမြို့နယ်၌ ငဝန်မြစ်ရေဝင်ရောက်မှုကြောင့် အခြေခံပညာကျောင်းပေါင်း ၂၅ ကျောင်း ယာယီပိတ်ထား

သာပေါင်း ဇူလိုင် ၂၃

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ ငဝန်မြစ်ရေကြီးမြင့်၍ ကျောင်းဝင်းများအတွင်း ရေဝင်ရောက်မှုကြောင့် အခြေခံပညာကျောင်းပေါင်း ၂၅ ကျောင်းကို ဇူလိုင် ၂၂ ရက်က စတင်ယာယီပိတ်ထားခဲ့ရသည်။

ငဝန်မြစ်ရေကြီးမြင့်တက်၍ ရေဝင်ရောက်မှုကြောင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကွင်းပေါက်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ခေနန်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရေလဲကြီး၊ အခြေခံပညာအလယ်တန်းကျောင်း(ညောင်ကွင်းအလယ်စု)၊ အခြေခံပညာအလယ်တန်းကျောင်း(ကြာကန်)၊ အခြေခံပညာအလယ်တန်းကျောင်း(သရက်တော)၊အခြေခံပညာမူလတန်းလွန်ကျောင်း(ဒည်ကုန်း)၊ အခြေခံပညာမူလတန်းလွန်ကျောင်း(သက်နိန်းပင်ဆိပ်)၊ အခြေခံပညာမူလတန်းကျောင်း(တင်းကုတ်ကြီး)၊ အခြေခံပညာမူလတန်းကျောင်း(လက်ခုပ်ရွာသစ်)၊ အခြေခံပညာမူလတန်းကျောင်း(ရွှေလှေကွင်း)၊ အခြေခံပညာမူလတန်းကျောင်း(အင်းကုန်း)၊ အခြေခံပညာမူလတန်းကျောင်း

*စာမျက်နှာ ၃ ကော်လံ ၁* ❍



# တောင်ပေါ်ဒေသထွက် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်း

မန္တလေး ဇူလိုင် ၂၃

မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာကုန်စိမ်း လက်ကားဈေးအတွင်းသို့ ယခုအချိန်တွင် တောင်ပေါ်ဒေသတို့မှ ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ ခရမ်းချဉ်သီးပွဲရုံများထံမှ သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၄* ◆




**ယနေ့** *ဖတ် စ ရာ*

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ လွှဲအပ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်** — ပြည်တွင်းသတင်း စာ ၇

**ထကြွသောင်းကျန်းပတ်ရမ်းနေတဲ့ မြန်မာဆိုင်ရာစိတ်ရောဂါလက္ခဏာစု** — ဆောင်းပါး စာ ၁၀

**ထရမ့်ကို နိုင်ငံ၏အန္တရာယ်ဟု ပြောကြားလိုက်ပြီး ရွေးကောက်ပွဲ တစ်လျှောက် ဟားရစ်ကို အပြည့်အဝထောက်ခံသွားမည်ဟု ဘိုင်ဒင်ပြော** — နိုင်ငံတကာသတင်း စာ ၁၃

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ (၁/၂၀၂၄) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ (၁/၂၀၂၄) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၂၃

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှု အမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီး ကော်မတီ (၁/၂၀၂၄) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှု အမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကား ပြောကြား သည်။

အစည်းအဝေးသို့ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌသာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင် ဦးလွင်၊ ကော်မတီဝင် ပြည်ထောင်စု ဝန်ကြီးများ၊ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အကြံ ပေးပုဂ္ဂိုလ်၊ ဒုတိယဝန်ကြီးများ၊ ဌာန ဆိုင်ရာ အကြီးအကဲများ၊ ပြည်တွင်း ပညာရှင်များ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ညောင်ဦး ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး မကွေးတိုင်းဒေသ ကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက် ကြသည်။

### ဦးစားပေးဆောင်ရွက်

အစည်းအဝေးတွင် ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ် ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိုင်ငံ တော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၄ ခုနှစ် မေ ၂၅ ရက်နှင့် ၂၆ ရက်အထိ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ သွားရောက်ခဲ့သည့် ခရီးစဉ်တွင် ရေလှောင်တမံများအား ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက် ရာတွင် ရေရှည်တည်တံ့ခိုင်မြဲစေရေး၊ တမံများ၏ ခံနိုင်ရည် စံနှုန်းအရည်အသွေး စစ်ဆေးခြင်းများကို အဆင့်အလိုက် စနစ်တကျ ဆောင်ရွက်သွားရန် လိုအပ် ကြောင်း၊ ရေလှောင်တမံများ၊ ရေလှောင် ကန်များအားလုံး၏ ရေဝင်ရောက်ရာ လမ်းကြောင်းနှင့် ဆည်ရေသောက်ဧရိယာ တစ်လျှောက် လမ်းကြောင်းများအတွင်း ရေကြောင်းပိတ်ဆို့မှုမရှိစေရေး၊ ရေဝင် ရေထွက်ကောင်းမွန်စေရေး အသေးစိတ် လေ့လာဆောင်ရွက်သွားရန် လိုအပ် ကြောင်း၊ ရေသည် အထက်မှအောက်သို့ သာ စီးဆင်းတတ်သည့် သဘောသဘာဝ ဖြစ်သဖြင့် ရေစီးရေလာကောင်းမွန်စေရေး အတွက် ရေဝင်ရောက်သည့် အနိမ့်ပိုင်း များ၌ ရေဝင်ထွက်မှုကောင်းစေရန် ဦးစား ပေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရေစီးရေလာကောင်းမွန်မှုရှိစေရေး၊ ရေဝင် ရေထွက် ကောင်းမွန်စေရေး အဓိကထား ဆောင်ရွက်ရန် လိုအပ်ကြောင်းကို လမ်းညွှန်မှာကြားခဲ့ပြီးဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

ယဉ်ကျေးမှု အမွေအနှစ်ဒေသများ တွင် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ကြ သည့်အခါ ယဉ်ကျေးမှုအမွေအနှစ်အပေါ် ထိခိုက်နိုင်မှုဆန်းစစ်ချက် (Heritage Impact Assessment –HIA) ဆောင်ရွက် ပြီးမှသာ HIA အကြံပြုချက်နှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်သည်ကို အလေးထား ပြောကြားလိုပါကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းတွင် ရေစီးရေလာကောင်းမွန် စေရေးနှင့် ရေကန်များ ပြန်လည်တူးဖော် ရန်တို့ကိုလည်း ဆက်စပ်ဝန်ကြီးဌာနများ နှင့် တိုင်းဒေသကြီးအစိုးရတို့ ပေါင်းစပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ကျောက်စာမှတ်တမ်း အထောက်အထားများကို အခြေခံပြီး ပုဂံကမ္ဘာ့အမွေအနှစ် ဒေသတွင်ရှိသည့် ရေကန်များကို ကွင်းဆင်းမှတ်တမ်းစာရင်း ကောက်ယူခဲ့ရာ ရေကန် (၁၀၆) ကန်ကို စာရင်းပြုစုနိုင်ခဲ့သည်ကို တွေ့ရှိရပါ ကြောင်း၊ အဆိုပါရေကန်များအနက် ပြုပြင်ထိန်းသိမ်းရန် လိုအပ်သော (၉၁) ကန်အား ရှေးဟောင်းရေစီးလမ်းကြောင်း များတွင် ပို့ကျနေသည့် သဲနုန်းအနည် အနှစ်များကို ပြန်လည်ဖယ်ရှားပြုပြင်ပေး မှသာ ရေစီးရေလာကောင်းမွန်ပြီး ရေထိန်း နိုင်မည်ဖြစ်သည့်အတွက် ကန်ဆယ်ခြင်း၊ ရေလမ်းကြောင်းများ ပြုပြင်ရေးကို ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ရှေးဟောင်းအမွေအနှစ်များ မထိခိုက်စေ ရန် ဌာနမှဝန်ထမ်းများ ကြီးကြပ်၍ ဆက်စပ်ဝန်ကြီးဌာနများနှင့် တိုင်းဒေသ ကြီးအစိုးရတို့ အကူအညီဖြင့် ပူးပေါင်း ဆောင်ရွက်နေသည်ဟု သိရှိရပါကြောင်း။

### ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရက သဗ္ဗညုဘုရားကြီး ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက် လျက်ရှိသကဲ့သို့ အိန္ဒိယနိုင်ငံ ရှေးဟောင်း သုတေသနဌာန ASI (Archaeological Survey of India) ကလည်း ၂၀၁၈ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ ၁၀ နှစ် စီမံကိန်းဖြင့် ရှေးဟောင်းအဆောက်အအုံပေါင်း ၉၂ ဆူ ပြုပြင်ထိန်းသိမ်းရန် MoU ရေးထိုးပြီး ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက် ရှိပါကြောင်း။

မိမိတို့၏ ဦးစီးကော်မတီသည် ပုဂံ ကမ္ဘာ့အမွေအနှစ်ဒေသကြီး၏ ပြုပြင် ထိန်းသိမ်းမှုများကို ကြီးကြပ်တာဝန်ယူရ သည့်အတွက် တန်ဖိုးရှိသည့် ရှေးဟောင်း အမွေအနှစ်များကို သဘာဝဘေးအန္တရာယ် သာမက မသမာသူများ၏ ခိုးယူဖျက်ဆီးမှု ကပါ ကာကွယ်နိုင်စေရန် ပုဂံဒေသတစ်ခု လုံးကို လွှမ်းခြုံနိုင်သည့် အချိန်ပြည့် လုံခြုံရေးစောင့်ကြည့်မှုစနစ်၊ CCTV အစီ အမံများလည်း လာမည့်နှစ်များတွင် ဆက်လက်ဆောင်ရွက်ကြရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ ထို့အတူ စေတီပုထိုး တစ်ဆူချင်း၏ မှတ်တမ်းမှတ်ရာများ လည်း ပြုစုထိန်းသိမ်းထားမည်ဆိုပါက နောင်တစ်ချိန်ချိန်တွင် ထိခိုက်ပျက်စီးခဲ့ မည်ဆိုပါက ပြန်လည်ပြုပြင်ရန် အထောက် အထားများ ရရှိမည်ဖြစ်သည့်အတွက် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါ ကြောင်း။

### ဆက်လက်ကူညီဆောင်ရွက်ပေး

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသည် UNESCO ၏ ကမ္ဘာ့အမွေအနှစ်ဒေသ ဖြစ်သည်နှင့်အညီ ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ၊ ပြည်တွင်းခရီးသွား ဧည့်သည်များ ပုဂံဒေသအတွင်း သွားရောက်လည်ပတ်သည့် အခါတွင် အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် အသုံးပြုသည့်လမ်းများ ကောင်းမွန်စေရန် လိုအပ်သည်ဟု နိုင်ငံတော်အကြီးအကဲ က လမ်းညွှန်ထားပါကြောင်း၊ ထို့ကြောင့် ပုဂံမြို့အဝင်နှင့် ဆက်စပ်ကျေးရွာများ၏ လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ၊ ရေကန်ချင်းဆက်လမ်းများ တစ်ဆင့်ပြီး တစ်ဆင့် အဆင့်မြှင့်တင်ဆောင်ရွက်သွား ရန် သက်ဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များက စဉ်ဆက် မပြတ် အလေးထားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းနှင့် ယနေ့အစည်းအဝေး ကို တက်ရောက်လာကြသူများအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက် မည့် အစီအမံများ၊ ဆောင်ရွက်ရန် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့် လင်းလင်း ဆွေးနွေးပေးကြရန် ဖိတ်ခေါ် ပါကြောင်း၊ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ တွင်ရှိသည့် ရှေးဟောင်းအဆောက်အအုံ များ ပြုပြင်ထိန်းသိမ်းရာတွင် ပုဂံယဉ်ကျေး မှုအမွေအနှစ်ဒေသ၏ စီမံခန့်ခွဲမှုကိစ္စ အဝဝနှင့် လိုအပ်သည့်အကူအညီများကို ဆက်လက်ကူညီဆောင်ရွက်ပေးကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီ ဒုတိယ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် က ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြန်လည် ပြုပြင် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက် ဆဲအခြေအနေများ၊ ရှေးဟောင်းရေကန် (၉၁) ကန်အား ပြန်လည်ပြုပြင်တူးဖော်မှု အခြေအနေများ၊ ပြည်တွင်း/ပြည်ပ ပညာ ရှင်များဖြင့် ပူးပေါင်းဆောင်ရွက်မှု အခြေ အနေ၊ ရန်ပုံငွေများ စနစ်တကျစီမံခန့်ခွဲမှု နှင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ နှင့်အညီ သုံးစွဲဆောင်ရွက်နေမှုအခြေ အနေတို့ကို ရှင်းလင်းတင်ပြသည်။

### ဆွေးနွေးတင်ပြ

ယင်းနောက် ဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများက ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှု အမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးကိစ္စ ရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြ ကြသည်။

ဆက်လက်၍ ဦးစီးကော်မတီအတွင်း ရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ယခင် အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်လင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပုဂံဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ရေတို/ရေရှည် စီမံချက်များချမှတ်၍ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများ ကို သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်း အကြံပြုဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ဦးစီး ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေး ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

(သစ်ပုတ်ကုန်း)၊ အခြေခံပညာမူလတန်းကျောင်း (ဘုရားကြီး)၊ အခြေခံပညာမူလတန်းကျောင်း (လိန်ကုန်း)၊ အခြေခံပညာမူလတန်းကျောင်း(အငူ ကြီး)၊ အခြေခံပညာမူလတန်းကျောင်း (မယင်း ချောင်)၊ အခြေခံပညာမူလတန်းကျောင်း(ဂွေးတောက် ကွင်း)၊ အခြေခံပညာမူလတန်းကျောင်း (ဆိပ်ကြီး ပေါက်လွတ်)၊ အခြေခံပညာမူလတန်းကျောင်း (မာလကာကုန်း)၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) (ကတတ်ရိုး)ကျောင်းတို့ ဇူလိုင် ၂၂ ရက်မှ ၂၆ ရက်အထိ ပိတ်ထားပေးရာ ယနေ့ ဇူလိုင် ၂၃ ရက်တွင် အခြေခံပညာမူလတန်းကျောင်း (သစ်ဆိမ့် ကုန်း)၊ အခြေခံပညာမူလတန်းကျောင်း (သရက်ကုန်း)၊ အခြေခံပညာမူလတန်းကျောင်း (သာယာကုန်း)၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) (သောင်ရွာ) ကျောင်းတို့ ထပ်မံပိတ်ပေးရပြီး ပေါင်း ၂၅ ကျောင်း ကို ဇူလိုင် ၂၂/၂၃ ရက်မှ ဇူလိုင် ၂၆ ရက်အထိ(၅/၄) ရက် ယာယီပိတ်ထားရှိပြီး ကျောင်းပိတ်ရက်များကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပြန်လည်အစားထိုး သင်ကြားသွားမည်ဖြစ်ရာ ငဝန်မြစ်ရေကြီးမြင့် ရေဝင်ရောက်လာမှုကြောင့် ကျောင်းအဆောက်အအုံ များ ထိခိုက်ပျက်စီးမှုမရှိကြောင်း မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်သက်နိုင်ထံမှ သိရသည်။

**မျိုးဇော်သိန်း (မြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ အဋ္ဌမအကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇူလိုင် ၂၃**

မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ အဋ္ဌမအကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသား ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**




အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌသာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကော်မတီဝင်ပညာရှင်များ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အဓိကဦးစီးဆောင်ရွက်လျက်ရှိ**

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့အစဉ်အလာများ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန်အတွက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရန် မြန်မာနိုင်ငံသားအားလုံးတွင် တာဝန်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်းတွင်ရှိသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရာတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အဓိက ဦးစီးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ရှေးဟောင်း ဝတ္ထုပစ္စည်းများနှင့် ရှေးဟောင်း အဆောက်အအုံများကို အဆောက်အဦဆိုင်ရာ ကာကွယ်ထိန်းသိမ်းခြင်းအပြင် ဥပဒေဖြင့်ပါ ကာကွယ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြုံတွေ့လာရပါက ကာကွယ်နိုင်ရန်နှင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်ကိုလည်း သုတေသနလုပ်ငန်းများ၊ မြေပုံများ ရေးဆွဲဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့ပြင် ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် ရှေးဟောင်း အဆောက်အအုံဆိုင်ရာ ကာကွယ်ထိန်းသိမ်းရေး ဥပဒေများကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

၂၀၁၆ ခုနှစ်၊ ဩဂုတ် ၂၄ ရက်တွင် လှုပ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် ပုဂံဒေသရှိ ငလျင်ဒဏ်ခံရသည့် ဘုရားစေတီ ၃၈၉ ဆူအတွင်းမှ ပြုပြင်ရန်ကျန်ရှိသည့် ဘုရားအမှတ် (၁၅၉၇)သဗ္ဗညုဘုရားကို မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲရေးဌာနတို့အကြား ငလျင်အလွန် ပုဂံဒေသရှိ သမိုင်းဝင်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကိုလည်း ရေးဆွဲထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ အများပြည်သူ အသိပညာဗဟုသုတပွားများစေရန်အတွက် အကြောင်းအရာစုံ၊ ကဏ္ဍစုံပြသနိုင်မည့် ပုဂ္ဂလိကပြတိုက်များ စနစ်တကျပေါ်ထွက်လာစေရန်နှင့် ပြတိုက်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့်အတွက် မြန်မာနိုင်ငံပြတိုက်များ ဥပဒေကြမ်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးဥပဒေ (မူကြမ်း) တို့ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

**အလေးထားကြိုးပမ်း**

မိမိတို့မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ကောင်းမြတ်သည့် ဂုဏ်ဒြပ်နှင့် အစဉ်အလာ၊ အမျိုးသားရေးစံနှုန်းများကို ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့နေစေရန် ရည်မှန်းပြီး အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများကို ကော်မတီက အလေးထား ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသည့် အဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီအနေဖြင့် ယခင် သတ္တမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေး၊ သုတေသနပြုရေးလုပ်ငန်းများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်နိုင်ရေးတို့အတွက် တက်ရောက်လာကြသည့် ကော်မတီဝင်များက သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ ပိုမိုကောင်းမွန်သည့် ဆွေးနွေးချက်များကို အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်း ဆောင်ရွက်နေမှု၊ ဒြပ်ရှိ/ဒြပ်မဲ့မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး ဖော်ထုတ်စာရင်းပြုစုနေမှု၊ ယဉ်ကျေးမှုပြတိုက်များ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်ဆောင်ရွက်ရန် သဘာဝအမွေအနှစ်များ သတ်မှတ်ခြင်း ဆောင်ရွက်နေမှု၊ စေတီ၊ ပုထိုးစသည့် သာသနိကအဆောက်အအုံများ၊ ဗုဒ္ဓဘာသာဆိုင်ရာ ဘုရားပုထိုးများအား Digital နည်းပညာဖြင့် ပြုလုပ်ဆောင်ရွက်နေမှု၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး ဆောင်ရွက်နေမှုများ၊ အမျိုးသားယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ကာကွယ်စောင့်ရှောက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ဗဟိုကော်မတီ၏ သတ္တမအကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် တိုင်းရင်းသားရိုးရာဓလေ့ထုံးတမ်းစဉ်လာများ ရှာဖွေဖော်ထုတ်ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပဲခူးတက္ကသိုလ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းခြင်း အသိပညာပေး

**ပဲခူး ဇူလိုင် ၂၃**

ပဲခူးမြို့နယ်သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းခြင်း အသိပညာပေးဟောပြောပွဲကို ပဲခူးတက္ကသိုလ် Community Center ၌ ယနေ့နံနက်က ကျင်းပရာ ပဲခူးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာစန်းယုမော်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



အဆိုပါ အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာစန်းယုမော်က အမှာစကားပြောကြားပြီး ပဲခူးမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွန်းက သဘာဝဘေးအန္တရာယ်လျော့ချရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာနှင့် သစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စရပ်များကို အသိပညာပေးဟောပြောကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သဲကန္တာရတိုက်ဖျက်ရေး Video Clip ကို ပြသသည်။

ထို့နောက် ပဲခူးတက္ကသိုလ် စန္ဒကူးအဆောင်ရှေ့ရှိ မြေကွက်လပ်တွင် သစ်ပင်စိုက်ပျိုးပွဲကို ပြုလုပ်ရာ ဒုတိယပါမောက္ခချုပ် ဦးဆောင်သည့် အဖွဲ့ဝင်များက ကံ့ကော်၊ ခရေ၊ ငုရွှေဝါ၊ ပျဉ်းမ၊ စိန်ပန်းနီ၊ စိန်ပန်းဝါ၊ စိန်ပန်းပြာ၊ တပေဘူတာအဝါရောင်၊ တပေဘူတာပန်းရောင်အပင် ကိုးမျိုး၊ ပျိုးပင်ပေါင်း ၁၂၂ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **သက်ထက်**

◆ *ရှေ့ဖုံးမှ*

အဆိုပါ ခရမ်းချဉ်သီးများသည် ရှမ်းပြည်နယ်အတွင်း နောင်ချိုဒေသတို့မှထွက်ရှိပြီး မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ကားအစီးရေ ၁၅ စီးမှ အစီး ၂၀ အထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ယခုလက်ရှိအချိန်တွင် ဈေးနှုန်းများမှာလည်း နောင်ချိုခရမ်းချဉ်သီး ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင် ငွေကျပ် ၇၅၀၀၀ မှ ၈၀၀၀၀ ဈေးအထိရရှိနေကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင်က ပြောသည်။

"လက်ရှိမှာတော့ ခရမ်းချဉ်သီးအဓိကစိုက်ပျိုးတဲ့ ရှမ်းပြည်နယ်ဒေသဘက်က ခရမ်းချဉ်သီးတွေ ဈေးကွက်ကို အများဆုံးရောက်ရှိလာတာပါ။ နောင်ချိုသီးတွေလည်း ဈေးကောင်းရရှိနေပါတယ်။ အဝင်နည်းပြီး ပစ္စည်းပြတ်လပ်နေမှုများကြောင့်လည်း ပါတယ်။ တစ်နေ့ကို ကားစီးရေ ၂၀ ပုံမှန်ဝင်ရောက်နေပါတယ်။ တာနဲ့ပြောရမယ်ဆိုရင် အချိန် ၄၀၀၀ လောက်ဝင်ပါတယ်။ အရောင်းအဝယ်ကတော့ ကောင်းနေပါတယ်။ ကျန်တဲ့ဒေသတွေက ထွက်ရှိမှုမရှိတော့ပါဘူး။ နောင်ချိုဒေသက ခရမ်းချဉ်သီးတွေပဲ ထွက်တော့တယ်။ ကျန်တဲ့ ကုန်စိမ်းသီးနှံတွေလည်း ပုံမှန်အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ ခရမ်းချဉ်သီးများသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်များကောင်းကာ ဈေးကောင်းများရရှိနေကြောင်း၊ ခရမ်းချဉ်သီးအပြင် ကျန်သည့် ကုန်စိမ်းသီးနှံများဖြစ်သော ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဘိုစားပဲ၊ မုန်ညင်းဖြူ၊ ခရမ်းသီး၊ ဂေါ်ရခါးသီး၊ အာလူးနှင့် ကြက်သွန်များလည်း ပုံမှန်အနေအထားဖြစ် အရောင်းအဝယ်များကောင်းနေကြကြောင်း သိရသည်။ **မောင်အေးချမ်း**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ (၈) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၈)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန် သွင်းကုန်ပြပွဲ အကြိုညစာစားပွဲတက်ရောက်

**ကူမင်း ဇူလိုင် ၂၃**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းက ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Intercontinental Hotel ၌ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဝမ်ယွိပေါ်က တည်ခင်းဧည့်ခံသည့် (၈) ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၈) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန်ပြပွဲ အကြိုညစာစားပွဲသို့ တက်ရောက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ ညစာစားပွဲသို့ တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များလည်း တက်ရောက်ကြသည်။

ညစာစားပွဲအပြီးတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာန ဒုတိယဝန်ကြီး မစ္စစ် စွန်းဟိုင်ယန်နှင့် အဖွဲ့အားလက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာရေးအပါအဝင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တစ်လျှောက် တည်ငြိမ်အေးချမ်းမှုမြှင့်တင်ရေး၊ အထူးသဖြင့် နယ်စပ်ဒေသများတွင် တရားမဝင် မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ဖောက်ကားမှုနှင့် အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုကိစ္စရပ်များ တိုက်ဖျက်ရေးတို့တွင် တရုတ်နိုင်ငံက မြန်မာနိုင်ငံနှင့်အတူ ပိုမိုပူးပေါင်းဆောင်ရွက်သွားရေး စသည့်ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။



**လေ့လာကြည့်ရှု**

ထို့ပြင် နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ သွားရောက်ပြီး ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် Agricultural Reclamation Group ၏ ယူနန်နုန်ခမ်း ကော်ဖီကုမ္ပဏီသို့ သွားရောက်ပြီး ယူနန်ပြည်နယ်၏ ပြည်တွင်း ကော်ဖီထုတ်လုပ်မှုကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် ကော်ဖီအမျိုးအစားများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဖျာပုံ၌ အခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဖွင့်

**ဖျာပုံ ဇူလိုင် ၂၃**

ဖျာပုံမြို့နယ်၌ ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ကြီးမှူးကျင်းပသော အခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီခွဲက ဖျာပုံမြို့ အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်းခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းဖွင့်ပွဲတွင် ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဖျာပုံခရိုင်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးသန့်ဇင်က အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်လတ်လတ်ဝင်းက အခြေခံနှင့်မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။ အဆိုပါ သင်တန်းကို ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၂၁ ရက်အထိ ဖွင့်မည်ဖြစ်သည်။ **အောင်ဝင်းနိုင်(ပြန်/ဆက်)**



## ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

**ဝမ်းတွင်း ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်စေရေးအတွက် ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယမန်နေ့က အ.ထ.က-ခွဲ(ပြည့်စုံကုန်း)နှင့် အ.ထ.က(ဝမ်းတွင်း) ကျောင်းတို့၌ ဆောင်ရွက်ခဲ့ရာ ပန်းခင်းစီမံချက်ဖြင့် အကျုံးဝင်သော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၁၉ ဦးတို့ကို အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်များဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ဒုလဝကမှူး ဒေါ်စန္ဒီဖုန်းမြင့်ထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ခရမ်းမြို့နယ်ရှိ သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုပေးအပ်

**ခရမ်း ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အတွင်းရှိ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်မည့် သမဝါယမအသင်းသားတောင်သူများသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေရယူ၍ သွင်းအားစုပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ခရမ်းမြို့နယ် သမဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ရဲက အမှာစကားပြောကြားပြီး မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးဝင်းဇော်က ဘဏ်ချေးငွေ၊ ဆပ်ငွေကိစ္စများကို ရှင်းလင်းပြောကြားသည်။

ခရမ်းမြို့နယ်အတွင်းရှိ ၂၀၂၄ ခုနှစ် မိုးစပါးကို မြို့နယ်သမဝါယမအသင်းစုမှ အသင်းတစ်သင်း၊ ရွှေမေအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ ကျေးရွာသုံးရွာတို့မှ အသင်းသား ၁၅၀ အတွက် ဧက ၂၀၀၀ တန်ဖိုးငွေကျပ်သိန်း ၄၀၀၀ နှင့်ညီမျှသော သွင်းအားစုကို အသင်းသားများလက်ဝယ်အရောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ရဲနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သန္တာအောင်တို့က အသင်းသားများလက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

## ခန္တီးမြို့ ပေါမိုင်းရပ်ကွက် သာစီရပ်ရှိ ချင်းတွင်းမြစ်ကမ်းနားလမ်း တာပေါင်ဖို့ခြင်းလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်အတွင်း ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေမှတ်အထက် ကျော်လွန်ခဲ့သဖြင့် ခန္တီးမြို့နယ်အတွင်းရှိ ကျေးရွာ/ရပ်ကွက်များအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၂ ရက်တွင် နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ခန္တီးမြို့ ပေါမိုင်းရပ်ကွက် သာစီရပ်ရှိ ချင်းတွင်းမြစ်ကမ်းနားလမ်း တာပေါင်ဖို့ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၂၁) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး





**နေပြည်တော် ဇူလိုင် ၂၃**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၁) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

**အားသွန်ခွန်စိုက်ကြိုးပမ်းယှဉ်ပြိုင်**

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ကလပ်အသင်းများမှ တာဝန်ရှိသူများ ယခုပြိုင်ပွဲများကို လာရောက်ကြည့်ရှုပြီး ခြေစွမ်းခြေစရှိသည့် အားကစားသမားများကို သက်တမ်းအလိုက် လက်ရွေးစင်အသင်းများနှင့် ကလပ်အသင်းများအတွက် တိုက်ရိုက်ရွေးချယ်ခေါ်ယူမည်ဖြစ်သည့်အတွက် ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် မိမိတို့အတွက် အခွင့်အလမ်းကောင်းတစ်ခုအဖြစ်ခံယူပြီး မိမိတို့၏ အရည်အချင်းများကို ဖော်ထုတ်ပြသနိုင်ရေး အားသွန်ခွန်စိုက်ကြိုးပမ်းယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်က အားထားရမည့် ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွက်လာအောင် ယှဉ်ပြိုင်ကစားသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြပြီး ပြိုင်ပွဲဖွင့်ပွဲ ပွဲစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

**စဉ်ဆက်မပြတ်ကျင်းပပေးနေ**

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ထူးချွန်ထက်မြက်သည့် လူငယ်သွေးသစ်ဘောလုံးသမားများ ပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ပြီး မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် အရှေ့တောင်အာရှအဆင့်နှင့် အာရှအဆင့်ပြိုင်ပွဲများတွင် အောင်မြင်စွာ ရပ်တည်နိုင်ရေးသည် ပြည်သူတစ်ရပ်လုံး၏ လိုလားချက်ဖြစ်သည့်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာဘောလုံးအသင်း အောင်မြင်မှုရရှိနိုင်ရန် မြန်မာ့လက်ရွေးစင်အသင်းများကို ကျောထောက်နောက်ခံအဖြစ် အင်အားအများဆုံး ဖြည့်တင်းပေးနိုင်မည့် ပြည်နယ်နှင့် တိုင်းဒေသကြီး လူငယ်ဘောလုံးပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးနေခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၂၁) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၈ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ပေါင်းလောင်းကွင်းနှင့် လယ်ဝေးကွင်းတို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ အားကစားကို စိတ်ပါဝင်စားကြသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို(အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ပဲခူး ဇူလိုင် ၂၃**

ညောင်လေးပင် ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် ဒိုက်ဦး – စစ်တောင်း လမ်းပေါ်ရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အောင်မြင်စွာမွေးမြူလျက်ရှိသော ဦးဆန်းဌေးအောင်၏ "မေမြင့်မိုရ်" မွေးမြူရေးခြံ၌ တိုင်းရင်းကြက်ကောင်ရေ ၄၀၀၀ မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးပြီး နေဗီယာမြက်နှင့်ဒေသထွက်တိရစ္ဆာန်အစာဖြင့် မွေးမြူနိုင်ရေးနှင့် ဈေးကွက်ဝင် ဒေသကြက်မျိုးကောင်းမျိုးသန့်များ မွေးမြူနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဒိုးတန်းကျေးရွာ၌ တစ်ကွင်းတစ်ဆက်တည်း YSR-1 မိုးစပါးစံပြမျိုးစေ့ထုတ် စိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ရှိ ရွှေလရောင်လယ်ယာသုံးစက်နှင့် စက်အပိုပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေးဆိုင်မှ ပြည်ပသွင်းကုန်အစားထိုး စက်အပိုပစ္စည်း ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာ၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါး ၂၅၈ ဧက စုပေါင်းကျောက်မှုန့်ကြဲပက်ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးပြီး ပန်းတိုင်အထွက်နှုန်း ပြည့်မီသည့် YSR-1 စပါးမျိုးကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရေးနှင့် စိုက်နည်းစနစ်မှန်ကန်စေရေးမှာကြားသည်။ ယင်းနောက် ဝဲဝန်းကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဦးဝင်းဌေး၏ ဒေသကြက်ကောင်ရေ ၂၀၀၀ မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ညောင်လေးပင်မြို့နယ် ရှမ်းစုကျေးရွာ၌ ကောက်စိုက်လုံမဖြင့် စိုက်ပျိုးခြင်း၊ လက်ဆွဲ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း၊ Drum Seeder ဖြင့် စိုက်ပျိုးခြင်း စသည့်စိုက်နည်းစနစ် သရုပ်ပြကွက်များကို ကွင်းဆင်းကြည့်ရှု အားပေးသည်။ ယင်းနောက် ညောင်လေးပင်မြို့နယ် ဝဲဝန်းရှမ်းစု – ဝဲဝန်းကျောင်းစု ကျေးရွာချင်းဆက်လမ်း၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် အရိပ်ရသီးပင်စားပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဝေါမြို့နယ် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်းရှိ ပို့ကုန်လမ်းကြောင်း ကုန်စစ်ရုံ တည်ဆောက်နေမှုနှင့် ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးစခန်းများ ကုန်စစ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပြည်တက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး

**ပြည် ဇူလိုင် ၂၃**

အဆင့်မြင့်ပညာဦးစီးဌာန ပြည်တက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀နာရီက ကျင်းပရာ ပြည်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များ၊ သင်ကြား/စီမံအရာရှိများ၊ ပါမောက္ခဌာနမှူးများ၊ ဘာသာရပ်ပေါင်းစုံမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

ဦးစွာ ပြည်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသက်သက်ထွန်းက အမှာစကားပြောကြားပြီး ပြည်မြို့ အမှတ်(၁၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူး ဆန်းဌေးက "ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့် ယာဉ်မတော်တဆမှုများဖြစ်ပွားရသည့် အကြောင်းရင်းများ၊ ဆိုင်ကယ်စီးနင်းသူများ လိုက်နာရမည့်စည်းကမ်းများနှင့် ယာဉ်မောင်းသူများ သတိပြုရမည့် ဆောင်ရန်/ရှောင်ရန်အချက်များအကြောင်း၊ ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေး Quick Win အစီအမံ (၅) ရပ်အကြောင်း၊ လမ်းညွှန်အမှတ်အသား/သင်္ကေတများ၏ အဓိပ္ပာယ်များနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို ပါဝါပွိုင့်ဖြင့် ဆွေးနွေးဟောပြောသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင် များကို ဖြန့်ဝေပေးကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ လွှဲအပ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ မီဒီယာများမေးမြန်းနေတဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ လွှဲအပ်ခြင်းနှင့်ပတ်သက်ပြီး အခြေခံဥပဒေဆိုင်ရာကိစ္စများကို အသိပေးပြောကြားပါမယ်။

ယာယီသမ္မတ ဦးမြင့်ဆွေရဲ့ ကျန်းမာရေးနဲ့ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ဇူလိုင်လ ၁၈ ရက်နေ့က သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ ယာယီသမ္မတ ဦးမြင့်ဆွေကို အထူးဆေးကုသမှုအဖွဲ့နဲ့ ဂရုတစိုက် ကုသပေးလျက်ရှိပါတယ်။ သို့သော် ယာယီသမ္မတတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန် ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်မှုမရှိသေးတဲ့အတွက် တာဝန်လွှဲအပ်ခြင်းကို မနေ့က ပြုလုပ်ခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဦးစွာအသိပေး ပြောကြားလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေကြေညာမှု၊ ပုဒ်မ(၄၁၂)အရ အရေးပေါ်အခြေအနေကြေညာမှုနဲ့ ဒီနှစ်ခုကို ဆက်စပ်ပြီး ဆောင်ရွက်ကြည့်မယ်ဆိုရင် အရေးပေါ်ကာလမပြီးမြောက်သေးတဲ့ကာလအတွင်းမှာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှာပါဝင်တဲ့ ပုဂ္ဂိုလ်အချို့လစ်လပ်သွားစေကာမူ ကျန်ရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားတဲ့တာဝန်တွေကို မလွဲမသွေ ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပုဒ်မ ၄၁၂ (ခ) မှာဆိုရင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းရာတွင် အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်နိုင်ခြင်းမရှိပါက အဖွဲ့ဝင်များဖြစ်တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတို့နဲ့ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို ထုတ်ပြန်ကြေညာနိုင်သည်လို့ ပြဋ္ဌာန်းထားတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ယာယီသမ္မတရဲ့ ကျန်းမာရေးအခြေအနေအရ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေးကို ယာယီသမ္မတ မတက်ရောက်နိုင်သည်ဖြစ်စေ၊ အကြောင်းအမျိုးမျိုးကြောင့် ယာယီသမ္မတလစ်လပ်သွားရင် ပုဒ်မ ၄၁၂ (ခ)မှာပါတဲ့ အခြေခံဥပဒေရဲ့ သဘောတရားများအရ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို အဓိကဆုံးဖြတ်ပေးရတဲ့ အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီအစည်းအဝေးကို ဦးဆောင်ရန်အဖို့ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်သမ္မတကိုယ်စား ကျင့်သုံးဆောင်ရွက်လျက်ရှိသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သာဖြစ်ပါတယ်။

ဒါကြောင့်မို့ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးအာဏာကို သမ္မတကိုယ်စား လက်တွေ့ကျင့်သုံး ဆောင်ရွက်နေတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုပဲ လွှဲပြောင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲ့မှာတစ်ခုရှိတာကတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကို ဘာကြောင့် ဦးဆောင်မှု မပြုရသလဲဆိုတာနဲ့ပတ်သက်ပြီး ပုဒ်မ ၄၁၈ မှာတော့ ဒီလိုအခြေအနေမျိုးမှာ လွှတ်တော်ဥက္ကဋ္ဌပဲရှိပြီး လွှတ်တော်ကြီးမရှိတော့ဘူး။ လွှတ်တော်ဥက္ကဋ္ဌ ဆက်လက်တည်ရှိနေတာကလည်း ပုဒ်မ ၄၂၄ အရ လွှတ်တော်ဥက္ကဋ္ဌအသစ်များ ရွေးကောက်တင်မြှောက်ပြီးပါက တာဝန်လွှဲပြောင်းရေးအတွက်သာ ကျန်ရှိနေခြင်းဖြစ်လို့ ဖြစ်ပါတယ်။




အခြားသောမေးခွန်းတွေဖြစ်တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ ယာယီသမ္မတအဖြစ် ဆောင်ရွက်မှာလား၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအဖြစ်ပဲ ဆောင်ရွက်မှာလားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးပြောရရင် မနေ့က ကျွန်တော်တို့ထုတ်ပြန်ထားတဲ့ ထုတ်ပြန်ချက်ထဲမှာလည်း ပါပြီးဖြစ်ပါတယ်။ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များ အလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ လွှဲပြောင်းအပ်နှံတာဝန်ထမ်းဆောင်တာပဲ ဖြစ်ပါတယ်။

ဒါကြောင့် အခြေခံဥပဒေပုဒ်မ ၄၃၁ အရ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံတော်အာဏာကို ကျင့်သုံးရာမှာ နိုင်ငံတော်သမ္မတအမည်ဖြင့် ဖော်ပြဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနဲ့ အစိုးရအဖွဲ့တို့ကပဲ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်(၅) ရပ်၊ ဦးတည်ချက် (၉)ရပ်တို့အတိုင်း မပြောင်းမလဲ ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ အထူးအလေးထား ပြောကြားလိုတာကတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရရဲ့ အန္တိမရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မလွဲမသွေကျင်းပသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ရထားလက်မှတ်များကို အွန်လိုင်းမှ ဝယ်ယူနိုင်သည့် Online Ticketing and Payment System လုပ်ငန်းအကောင်အထည်ဖော်ရန် တင်ဒါခေါ်ယူ

**ရန်ကုန် ဇူလိုင် ၂၃**

ရထားလက်မှတ်များကို အွန်လိုင်းမှ ဝယ်ယူနိုင်သည့် Online Ticketing and Payment System ရေးဆွဲတည်ဆောက်လုပ်ကိုင်ခြင်း လုပ်ငန်းကို အကောင်အထည် ဖော်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက တင်ဒါခေါ်ယူထားကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို အကောင်အထည်ဖော်ရန်အတွက် ဝန်ကြီးဌာနက ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလုပ်ကိုင်သူ Developer များကို တင်ဒါခေါ်ယူထားကာ ရန်ကုန် - မန္တလေးလမ်းပိုင်း၊ ရန်ကုန် - ပြည် - ပုဂံလမ်းပိုင်း၊ ရန်ကုန် - မော်လမြိုင်လမ်းပိုင်း တို့တွင် ကနဦးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်စီစဉ်လျက်ရှိကြောင်း သိရသည်။



တင်ဒါကို Online Ticketing and Payment System ကို အကောင်အထည်ဖော် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူသည် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီဖြစ်စေ၊ နိုင်ငံခြားသားပိုင်ကုမ္ပဏီဖြစ်စေ၊ Joint Venture (သို့မဟုတ်) Consortium ဖွဲ့စည်း၍ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်ဟု သိရသည်။

အဆိုပါ လုပ်ငန်းအတွက် တင်ဒါစိစစ် ရွေးချယ်မှုကို စိတ်ဝင်စားမှုဖော်ပြချက် (EOI) အဆိုပြုလွှာတင်သွင်းခြင်း၊ EOI အောင်မြင်သူအား Request for Proposal (RFP) တင်သွင်းစေခြင်းဟူ၍ အဆင့် (၂) ဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသည့် ပြည်တွင်း / ပြည်ပကုမ္ပဏီအဖွဲ့အစည်းများသို့ EOI အဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ထားသည်။ စိတ်ပါဝင်စားသော ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများအနေဖြင့် EOI အဆိုပြုလွှာစာရွက်စာတမ်းများကို တစ်စုံလျှင် ငွေကျပ် ၃၀၀၀၀၀ ဖြင့် မြန်မာ့မီးရထား၊ ထောက်ပံ့ဌာန၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထောင့် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၌ ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၂ ရက်အတွင်းရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း အသိပေးထားသည်။

EOI အဆိုပြုလွှာများကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲ နောက်ဆုံးထား၍ မြန်မာ့မီးရထား၊ ထောက်ပံ့ဌာန၊ ကုန်သည်လမ်းနှင့် (၅၁) လမ်းထောင့် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့တွင် ပြန်လည်တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

**MT**

## ကျိုက်မရောမြို့နယ်၌ ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေးဆွေးနွေးပွဲပြုလုပ်

**ကျိုက်မရော ဇူလိုင် ၂၃**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းကာ ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေးဆွေးနွေးပွဲ ယနေ့နံနက် ၉ နာရီက လူထုအခြေပြုဇဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျိုက်မရောမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မိုးဦးက သစ်တောများ၏ အရေးပါပုံအကြောင်း၊ လက်ရှိမြန်မာနိုင်ငံ၏ သစ်တော ဖုံးလွှမ်းမှုအခြေအနေများ၊ သစ်တောဦးစီးဌာနမှ သစ်တောဖုံးလွှမ်းမှုပြန်လည်ကောင်းမွန်လာစေရန် ဆောင်ရွက်နေမှုများ၊ ပျိုးပင်များဖြန့်ဝေပေးမှုနည်းလမ်းများ၊ သစ်ပင်တစ်ပင်ရှင်သန်ရေး ပြုစုစိုက်ပျိုးနည်းလမ်း ရစ်သွယ်နှင့် သစ်တောဦးစီးဌာနနှင့် ပြည်သူများ ပူးပေါင်းပါဝင်ရေး စသည်တို့ကို ဆွေးနွေးကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# အပူပိုင်းဒေသ (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် လမ်းဘေးဝဲယာ သစ်ပင်စိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇူလိုင် ၂၃**

အပူပိုင်းဇုန်ဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် လမ်းဘေးဝဲ/ယာ သစ်ပင်စိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သယံဇာတ ရေးရာဝန်ကြီး၊ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မကွေးတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ သယံဇာတ ရေးရာဝန်ကြီးများက virtual စနစ်ဖြင့် တက်ရောက် ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်လမ်းညွှန်ချက်ဖြစ် သော မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦးလမ်း နှင့် ကျောက်ပန်းတောင်း-ချောက်- မကွေးလမ်းတို့၏ လမ်းမကြီး ဝဲ/ယာတွင် ကြီးမြန်သစ်ပင်များစိုက်ပျိုး ရေးနှင့် အပူပိုင်းဇုန် ခရိုင် ၁၃ ခုတွင် အနည်းဆုံး တစ်ရွာ နှစ်ဧက စိုက်ခင်းများတည်ထောင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဆက်စပ်ဌာနများ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ် မိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး အတွင်းရှိကျေးရွာ ၈၀၉ ရွာတွင် ကျေးရွာထင်းစိုက်ခင်း နှင့် ဘက်စုံသုံးစိုက်ခင်း ၃၅၅၁ ဧက၊ အပင် ၂ ဒသမ ၁ သန်းကျော် စိုက်ပျိုးရန်လျာထားဆောင်ရွက်ခဲ့ရာ ယနေ့အထိ ၉၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ကားလမ်းဘေး ဝဲ/ယာ ကြီးမြန်သစ်ပင် စိုက်ပျိုးခြင်း ကို အပင် ၄၀၀၀၀ ကျော်စိုက်ပျိုးရန် လျာထား ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ၉၂ ရာခိုင်နှုန်း ပြီးစီးကာ ဆက်လက်စိုက်ပျိုး ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မိတ္ထီလာခရိုင်အတွင်းရှိ ဆည်ရေလှောင် တမံ ၂၀ ၏ရေဝေရေလဲဧရိယာများတွင် ရေဝေရေလဲ ထိန်းသိမ်းခြင်းနှင့် ရေဝေရေလဲစိုက်ခင်းတည်ထောင် ခြင်းများအတွက်လည်း ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း။

အပူပိုင်းဇုန်ဒေသ ၁၃ ခရိုင်အတွင်း အနည်းဆုံး တစ်ရွာ ၂ ဧက စိုက်ခင်းတည်ထောင်နိုင်ရေးအတွက် မြေနေရာရရှိရေး၊ ကျေးရွာများရှိ မြေပိုင်ဆိုင်မှုနှင့် မြေအသုံးချမှုများ လုပ်ထုံးလုပ်နည်းနှင့် အညီဖြစ်စေ ရေး၊ ရွာအဝင်နှင့်ရွာတွင်းလမ်းဘေး၊ အိမ်ခြံဝင်း အတွင်းပါ သစ်ပင်များစိုက်ပျိုးနိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာတိုင်းဒေသ ကြီးအစိုးရအဖွဲ့များပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ အပူပိုင်းဒေသ ပြန်လည်စိမ်းလန်း စိုပြည်လာစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့ အစည်းနှင့်ဒေသခံပြည်သူများက ပူးပေါင်းဆောင်ရွက် မှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် အားလုံး ဝိုင်းဝန်းပါဝင်ပေးရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး သယံဇာတဝန်ကြီးများနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများက စိုက်ခင်းတည်ထောင်ရန် မြေနေရာ ရရှိရေး၊ ရွေးချယ်ထားသောမြေနေရာများ၏ မြေ ပိုင်ဆိုင်မှုနှင့် မြေအသုံးချမှုများ လုပ်ထုံးလုပ်နည်းနှင့် ဖြစ်စေရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် အသေး စိတ်တင်ပြဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး ဘင်းမ်စတက် အတွင်းရေးမှူးချုပ် သံအမတ်ကြီး အင်ဒရာ မာနီ ပန်ဒေး အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးလွင်ဦးသည် မြန်မာ နိုင်ငံသို့ မိတ်ဆက်ခရီးစဉ် လာရောက်လျက်ရှိသော ဘင်းမ် စတက် အတွင်းရေးမှူးချုပ် သံအမတ်ကြီး အင်ဒရာမာနီ ပန်ဒေးကို ယနေ့နံနက် ၁၁ နာရီ တွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံ သည်။

ထိုသို့တွေ့ဆုံစဉ် ဘင်းမ် စတက် ပူးပေါင်းဆောင်ရွက်မှု ယန္တရားများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်း စွာ အမြင်ချင်းဖလှယ် ဆွေးနွေး ကြပြီး ဒေသတွင်းစားနပ်ရိက္ခာ ဖူလုံရေး၏ အရေးကြီးမှုကိုလည်း အလေးထား ဆွေးနွေးခဲ့သည်။ ထို့ပြင် ဘင်းမ်စတက် အနာဂတ် ဦးတည်ချက်များဆိုင်ရာ ထင်ပေါ် ကျော်ကြား ပညာရှင်များအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ဘင်းမ် စတက်၏ ပင်မနှင့် ကဏ္ဍအလိုက် အစည်းအဝေးများ ပုံမှန်ကျင်းပ သွားရေးတို့ကို ထည့်သွင်းဆွေးနွေး ခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက နိုင်ငံခြားရေးဝန်ကြီးဌာန ဘင်းမ် စတက်ဌာနခွဲအနေဖြင့် မြန်မာ နိုင်ငံဆိုင်ရာ ဘင်းမ်စတက်ညှိနှိုင်း ရေးဌာန (BIMSTEC National Focal Point of Myanmar) အဖြစ် တာဝန်ယူလျက် ရှိကြောင်းနှင့် ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက် ရေးဆိုင်ရာကိစ္စရပ်များ အဆင်ပြေ ချောမွေ့လျင်မြန်စေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ နှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိ ကြောင်း ထည့်သွင်းပြောကြားခဲ့ သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီး သည် ဘင်းမ်စတက်အတွင်း ရေးမှူးချုပ်နှင့် ကိုယ်စားလှယ် အဖွဲ့ကို နေပြည်တော်ရှိ MGallery ဟိုတယ်၌ ကြိုဆိုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

သံအမတ်ကြီး အင်ဒရာ မာနီ ပန်ဒေးသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ လမှစတင်၍ ဘင်းမ်စတက်၏ (၄) ဦးမြောက် အတွင်းရေးမှူးချုပ် အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိ သည်။ အတွင်းရေးမှူးချုပ်သည် အခြားသော ဘင်းမ်စတက်အဖွဲ့ ဝင် နိုင်ငံများသို့လည်း မိတ်ဆက် ခရီးစဉ်များ သွားရောက်ခဲ့ပြီးဖြစ် သည်။

ဘင်္ဂလားပင်လယ်အော်ဒေသ တွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (Bay of Bengal Initiative for Multi – Sectoral Technical and Economic Coo– peration – BIMSTEC) သည် ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်း ထူထောင်ခဲ့သည့် ဒေသတွင်းအဖွဲ့ အစည်းတစ်ရပ်ဖြစ်ပြီး ဘင်္ဂလား ဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်း စသည့် အဖွဲ့ဝင် (၇) နိုင်ငံ ပါဝင်သည်။

ဘင်္ဂလားပင်လယ်အော်ဒေသ တွင်း နိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင် ရေးအတွက် ရည်ရွယ်ဖွဲ့စည်းထား ခြင်းဖြစ်ပြီး ဘင်းမ်စတက်၏ လက်ရှိ ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍ ခုနစ်ခုရှိသည့်အနက် မြန်မာနိုင်ငံသည် ဘင်းမ် စတက် "လယ်ယာစိုက်ပျိုးရေး နှင့် စားနပ် ရိက္ခာဖူလုံရေးကဏ္ဍ" ၏ ဦးဆောင်နိုင်ငံအဖြစ် တာဝန် ယူလျက်ရှိကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ၈၆ ဘီလီယံဖြင့် ဆောင်ရွက်မည့် မိုးစပါးစီမံကိန်းအတွက် သွင်းအားစုပေးအပ်

**မော်လမြိုင်ကျွန်း ဇူလိုင် ၂၃**

ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ မိုးစပါးအထွက်နှုန်း တိုးပွားရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် ၈၆ ဘီလီယံ ဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစီမံကိန်းအတွက် တောင်သူများသို့ သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာ ပေးအပ် ပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန မော်ရောခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက မိုးစပါးတိုးမြှင့်ထွက်ရှိရေး၊ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် လက်ရှိဆောင်ရွက်ထားရှိမှုအခြေအနေများ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြား ချက်ဖြစ်သော နိုင်ငံ့စီးပွားရေးအခြေအနေကောင်း များ ဖန်တီးနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆို သည့် မူဝါဒနှင့် အညီ တောင်သူများလူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက် ရေးနှင့် တစ်ဦးချင်းဝင်ငွေတိုးတက်စေရေးအတွက် လုပ်ငန်းအကောင် အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင် ၍ လယ်ယာစိုက်ပျိုးသည့် တောင်သူများ အထွက်နှုန်းတိုးစေရေး၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေးအတွက် သွင်းအားစုထောက်ပံ့ ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဓာတ်မြေဩဇာ နှင့်သဘာဝမြေဩဇာများဖြစ်သော သွင်းအားစုများကို ခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်သွင်တို့က တက်ရောက်လာကြသော တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရ သည်။



**မြို့နယ် (ပြန်/ဆက်)**

# နိုင်ငံတကာအင်ဂျင်နီယာပညာရေး အသိအမှတ်ပြုမှုကွန်ဖရင့် ၂၀၂၄ အခမ်းအနားကျင်းပ

## ယခုညီလာခံမှ အင်ဂျင်နီယာပညာရေးဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အကျိုးဖြစ်ထွန်းမည့်များစွာသော အတွေ့အကြုံများရရှိမည်



နေပြည်တော် ဇူလိုင် ၂၃

**အင်ဂျင်နီယာပညာရေးနှင့် နည်းပညာဆိုင်ရာ စဉ်ဆက်မပြတ်တိုးတက်နိုင်စေရေး ရည်ရွယ်ကျင်းပသည့် နိုင်ငံတကာအင်ဂျင်နီယာပညာရေး အသိအမှတ်ပြုမှုကွန်ဖရင့် ၂၀၂၄ (International Conference on Engineering Education Accreditation 2024 – ICEEA 2024) အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် Video Conferencing ဖြင့် ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယက၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ တက်ရောက်သည်။** (ယာပုံ)

ထို့ပြင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နာယကများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ International Engineering Alliance (IEA)၊ World Federation of Engineering Organizations (WFEO)၊ Federation of Engineering Institutions of Asia and the Pacific (FEIAP)၊ Engineers Australia (EA)၊ Institute of Engineering Education Taiwan (IEET)၊ China Association for Science and Technology (CAST)၊ Board of Engineers Malaysia (BEM)၊ Pakistan Engineering Council (PEC)၊ Institute of Engineers Malaysia (IEM) စသည့် နိုင်ငံတကာအင်ဂျင်နီယာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ပြည်တွင်းရှိ အင်ဂျင်နီယာပညာရှင်များ၊ နည်းပညာရှင်များက သတ်မှတ်နေရာအသီးသီးမှ တက်ရောက်ကြသည်။

**အတွေ့အကြုံများမျှဝေသွားကြမည်**

ဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက၊ ပြည်ထောင်စုဝန်ကြီးက ယနေ့ပြုလုပ်သည့် International Conference on Engineering Education Accreditation 2024 (ICEEA 2024) အခမ်းအနားကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ အင်ဂျင်နီယာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီနှင့် ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်၏ အင်ဂျင်နီယာပညာရေးဆိုင်ရာကော်မတီတို့မှ ကြီးမှူးကျင်းပခြင်းဖြစ်ကြောင်း၊ "ရေရှည်တည်တံ့သည့် ကမ္ဘာသို့ဦးတည်သော ပိုမိုကောင်းမွန်သည့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဖြေရှင်းမှုများ ရရှိလာနိုင်မည့် အင်ဂျင်နီယာပညာရေး (Engineering Education for Better Engineering Solutions To a Sustainable World)" ဟူသော ယခုနှစ်ညီလာခံ၏ ဆောင်ပုဒ်သည် ခေတ်ကာလနှင့် ကိုက်ညီပြီး စိတ်ဝင်စားဖွယ်ကောင်းသည့် ခေါင်းစဉ်ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းရှိ အင်ဂျင်နီယာအဖွဲ့အစည်းများမှ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ ပညာရပ်သင်ကြားမှုနယ်ပယ်မှ ပါမောက္ခ၊ ဆရာ၊ ဆရာမများနှင့် အင်ဂျင်နီယာပညာရှင်များအနေဖြင့် အင်ဂျင်နီယာပညာရေးနှင့် အသိအမှတ်ပြုမှုရှုထောင့်တို့မှ ၎င်းတို့၏အတွေ့အကြုံ၊ အကြံဉာဏ်များနှင့် သိမြင်မှုများကို မျှဝေသွားကြမည်ဖြစ်ကြောင်း၊ ယခုညီလာခံမှ အင်ဂျင်နီယာပညာရေး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အကျိုးဖြစ်ထွန်းမည့်များစွာသော အတွေ့အကြုံများ ရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌနှင့် Federation of Engineering Institutions of Asia and the Pacific (FEIAP) ၏ ဥက္ကဋ္ဌ၊ World Federation of Engineering Organization (WFEO) ဥက္ကဋ္ဌ Mr. Mustafa B. Shehu တို့က အမှာစကားများ ပြောကြားသည်။

**မေးမြန်းဆွေးနွေး**

အဆိုပါ ဆွေးနွေးပွဲတွင် World Federation of Engineering Organization (WFEO)၊ International Engineering Alliance (IEA)၊ Institute of Engineering Education Taiwan (IEET)၊ Engineers Australia (EA)၊ Board of Engineers Malaysia (BEM)၊ TH Georg Agricola University၊ South Asian University၊ GIK Institute of Engineering Sciences and Technology, Pakistan၊ နည်းပညာတက္ကသိုလ် (ရန်ကုန်)၊ Committee on Education in Engineering, World Federation of Engineering Organization တို့မှ ဥက္ကဋ္ဌများ၊ ပါမောက္ခချုပ်များနှင့် ပညာရှင်များက ခေါင်းစဉ်အလိုက် ဆွေးနွေးခြင်း၊ စာတမ်းတင်သွင်းဖတ်ကြားခြင်းတို့ ဆောင်ရွက်ကြမည့်အပြင် တက်ရောက်လာကြသည့် ပြည်တွင်းပြည်ပဖိတ်ခေါ်ပညာရှင်များနှင့် မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာပညာရှင်များက ဆွေးနွေးခဲ့မှုများအပေါ် သိရှိလိုသည်များ ဝိုင်းဝန်းမေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်ကြမည်ဖြစ်ပြီး အဆိုပါဆွေးနွေးပွဲကို နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အောက်ခြေမြေပြင်၏ မှန်ကန်တိကျသော ပညာရေးဆိုင်ရာ စာရင်းအချက်အလက်များကို အခြေခံ၍ အရည်အသွေးရှိသော ပညာရေးဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်

**နေပြည်တော် ဇူလိုင် ၂၃**

ပညာရေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ (ဒုတိယနေ့) ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**



**ဝိုင်းဝန်းလက်တွဲ ပြုစုပျိုးထောင်ပေးရမည်**

ဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက ဆရာ ဆရာမများအနေဖြင့် ပညာရေးဆိုင်ရာ စာရင်းအချက်အလက်များ တိကျမှန်ကန်မှုရှိအောင် ပြုစုဆောင်ရွက်ထားကြရမည် ဖြစ်ကြောင်း၊ အောက်ခြေမြေပြင်၏ မှန်ကန်တိကျသော ပညာရေးဆိုင်ရာ စာရင်းအချက်အလက်များကို အခြေခံ၍ အရည်အသွေးရှိသော ပညာရေးဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အောက်ခြေမြေပြင်တွင် ဖြစ်ပေါ်သည့် သတင်းအချက်အလက်များ၊ ထူးခြားဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံး အဆင့်ဆင့်တင်ပြကြရန်လိုကြောင်း၊ စာသင်ကျောင်း၊ ဆရာ၊ ကျောင်းသား၊ ဝန်ထမ်း၊ ကျား၊ မ စာရင်းများ ပြုစု၍ မှတ်တမ်းတင်ထားရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ လုပ်ငန်းများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါကြောင်း၊ မြန်မာနိုင်ငံ လူဦးရေ၏ သုံးပုံတစ်ပုံခန့်ရှိသော ကျောင်းသား ကျောင်းသူများကို ပညာတတ် လူတော် လူကောင်းများဖြစ်အောင် ဆရာ ဆရာမများအနေဖြင့် ဝိုင်းဝန်းလက်တွဲ၍ ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပါမောက္ခချုပ်များ၊ ဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပညာရေးမှူးများက စာရင်းအချက်အလက်များ မွမ်းမံခြင်းဆိုင်ရာကိစ္စရပ်များ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့် ပညာရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera ဦးဆောင်သောအဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် ICRC ၏ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်နေသော လုပ်ငန်းများ၊ မိုင်းအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ မိုင်းဒဏ်သင့်ပြည်သူများအား ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် ICRC ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထကြွသောင်းကျန်းပတ်ရမ်းနေတဲ့ မြန်မာဆိုင်ရာစိတ်ရောဂါလက္ခဏာစု

နိုင်ငံတကာအဖွဲ့အစည်းတွေဆီက အထည်ကြီးပျက်တွေနဲ့ ဂိုက်ဖမ်းပြနေသူတွေထဲမှာ (Myanmar Derangement Syndrome) လို့ဆိုတဲ့ မြန်မာဆိုင်ရာစိတ်ရောဂါလက္ခဏာစုတွေ ထကြွနေကြပြီး သောင်းကျန်းရမ်းကားနေကြလေရဲ့။ သူတို့ဟာ စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့၊ ဘဝင်မြင့်နေတဲ့၊ စိတ်ကြီးဝင်ပြီး အထက်စီးဆန်တဲ့စိတ်ဓာတ်တွေ အကြီးအကျယ် ကိန်းအောင်းနေတဲ့ သီလကြောင်တွေပါ။ သူတို့ဟာ သူတို့နေထိုင်ရာနေရာကနေ လွန်စွာဝေးကွာလှတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေရှိ အသားညို၊ အသားဝါလူမျိုးတွေကို ဗလာချီ ဝေဖန်ထိုးနှက်နေကြသူတွေပါ။ အင်အားကြီးအနောက်နိုင်ငံတွေက သူတို့ရဲ့ "အန်ကယ်တွေ"နဲ့ တွေ့ပြီဆိုရင်တော့ ကုပ်ကုပ်ကလေးရှိနေတတ်ကြသူတွေပါ။


# MYANMAR DERANGEMENT SYNDROME

By Dr. Nay Zaw Min (Roma)

THERE is rampant Myanmar Derangement Syndrome within the has-beens and wannabes from the international organizations. Obnoxious, holier than thou, arrogant mindset is widespread in their midst. They have to pile in on those brown and yellow people in faraway developing countries. When it comes to their "Uncles" in powerful Western countries, they don't register.

Some "has-beens", even if they worked in Myanmar decades ago and already retired, can't stay away. Some return to the border areas wearing military fatigue. Looking tough! Some have thriving consultancy business.

"Some "has-beens", even if they worked in Myanmar decades ago and already retired, can't stay away. Some return to the border areas wearing military fatigue. Looking tough! Some have thriving consultancy business."

"events" in the Western capitals for endless, meaningless discussions about Myanmar, all the while totally oblivious about the reality.

ficated a name with "SAC" in it! Who in the right mind! Are they really that desperate?

a righteous person! China take note! Russia take note!

Let's be honest. The best and the brightest don't work for years/decades in the international organizations

firms, law firms, hedge funds, etc., etc. There's a need for these mediocre average IQ people to feel righteous.

On a separate matter, a certain "economist" has been making rounds selling books. The question people should ask is, how could any government allow a foreign citizen to be privy of intimate information of the country's sensitive details. Even the best of the allies such as United States and the UK, for example. Imagine if the leader of the United States enlists a UK national as a close economist advisor and share sensitive knowledge and information of the UK?

to the leadership, the person is hoisted, celebrated and accepted as if it's a standard procedure. Let the distinguished "economist" to find a position with say, Prime Minister of Singapore, Prime Minister of Thailand and see if that is possible, let alone a Western government. How can a foreign national, any foreign national, can become a close economic advisor to the leadership of a country. Who might they be reporting the sensitive information of the country? Has anyone ask?

On yes, from 2015 to 2020, it was an open knowledge (not open secret!) that an official from a certain foreign embassy even sat in on some cabinet meetings (you know who you are).

Let's be real, people!

"On a separate matter, a certain "economist" has been making rounds selling books. The question people should ask is, how could any government allow a foreign citizen to be privy of intimate information of the country's sensitive details"

**ကျွန်တော်တို့ မြန်မာနိုင်ငံတစ်နိုင်ငံတည်းမှာပဲ အထက်ဖော်ပြပါ ဖြစ်စဉ်မျိုးဖြစ်သွားခဲ့တာပါ။ မြန်မာအစိုးရအဖွဲ့ ခေါင်းဆောင်ရဲ့ အထက်တန်းအကြံပေးတစ်ဦးအဖြစ် နိုင်ငံခြားသားတစ်ဦးကို ခန့်ထားခဲ့တာပါ။ သွားလေသူအစိုးရအဖွဲ့ဟာ လုပ်ထုံးလုပ်နည်း စံချိန်စံညွှန်းနဲ့အညီ လုပ်ကိုင်ဘိအလား နိုင်ငံခြားသားတစ်ဦးကို ယုံမှတ်ပုံအပ်ခဲ့တာပါ။ ဥဒါဟရုဏ်ညွှန်းဆိုရရင် လေးစားအပ်ပါသော နိုင်ငံခြားသားစီးပွားရေးပညာရှင်တစ်ဦးဦးကို စင်ကာပူဝန်ကြီးချုပ် ဒါမှမဟုတ် ထိုင်းဝန်ကြီးချုပ်ရဲ့ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်ပါ့မလား၊ အနောက်တိုင်းအစိုးရအဖွဲ့ တစ်ရပ်ရပ်ကရော ခန့်အပ်တာမျိုးကြားဖူးကြပါရဲ့လား၊ နိုင်ငံခြားသားတစ်ဦးကို နိုင်ငံတစ်နိုင်ငံရဲ့ ခေါင်းဆောင်ပိုင်းအတွင်းစည်းထဲအထိ ဝင်ရောက်စေပြီး စီးပွားရေးအကြံပေးအဖြစ် ထားတာမျိုးဖြစ်နိုင်ပါရဲ့လား၊ သွေးမတော်၊ မျိုးမတူ၊ လူမျိုးခြားတစ်ဦးကို ယုံမှတ်ပုံအပ်ဖို့သင့်ပါရဲ့လား။ ဒီမေးခွန်းကို လူတိုင်းမမေးမြန်းသင့်ဘူးလား**

လွန်ခဲ့တဲ့ ဆယ်စုနှစ်ပေါင်းများစွာအကြာက မြန်မာနိုင်ငံမှာ အလုပ်လုပ်ခဲ့ဖူးတဲ့ တစ်ခါက လူတွင်ကျယ် (ယခု အထည်ကြီးပျက်) အချို့ဟာ အငြိမ်းစားယူသွားပြီးတဲ့အချိန်မျိုးမှာတောင် မြန်မာနိုင်ငံနဲ့ ဝေးဝေးကိုမသွားနိုင်ဘဲ ရစ်သီရစ်သီဖြစ်နေဆဲပါ။ ဒီထဲက အချို့တွေက စစ်ယူနီဖောင်းကြီးတကားကား ဆင်မြန်းပြီးသကာလ မြန်မာနယ်စပ်ဒေသတွေဆီ ပြန်လာကြတယ်။ ဒေါင်းတည်မောင်းတည်ပုံစံမျိုးနဲ့ ခန့်ခန့်ကြီးပါလား ဟရို့။ အချို့ကတော့ အနောက်တိုင်း မြို့တော်တွေမှာ အတိုင်ပင်ခံလုပ်ငန်းတွေ မှိုလိုပေါက်အောင် ဖွင့်စားကြပြန်တယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး မပြီးနိုင်မစီးနိုင် တောင်စဉ်ရေမရ ဝိုင်းအုံဆွေးနွေးကြတဲ့ ပွဲတွေ ဟိုနားပေါ်လာလိုက်၊ ဒီနားပေါ်လာလိုက် တသီတတန်း ရှိနေပေမယ့် စာရင်းချုပ်လိုက်တော့ အားလုံး မြန်မာနိုင်ငံမှာ ပကတိဖြစ်ပျက်နေတာနဲ့ တက်တက်စင်အောင် လွဲနေတာပါပဲ။

### ဝေါဟာရစကားစုကိုတောင် ဆင်တူယိုးမှားလုပ်ထား

အဲဒီထဲမှာ အချို့ကတော့ အနာဂတ်ကာလကန်ထရိုက် ရိုက်စားခွင့်တွေရဖို့၊ စားပေါက်စားလမ်းတွေရဖို့ မျှော်မှန်းချက်နဲ့ နေရာယူဖျာခင်း လှုပ်ရှားနေကြတာပါ။ အုပ်စုတစ်စုဆိုရင် "SAC" ဆိုတဲ့ အတိုကောက် ဝေါဟာရစကားစုကိုတောင် ဆင်တူယိုးမှားလုပ်ပြီး သူ့ရဲ့အမှတ်တံဆိပ် လုပ်ထားပါသေးတယ်။ ဒီလိုလုပ်တာဘယ်သူတွေလဲ။ အကြံကုန်လို့ ဂဠုန်ဆားချက်တာလား။

ကဲ...ရှေ့ဆက်ပါရစေဦး။ အထူးအစီရင်ခံစာတင်သွင်းသူအမည်ခံ လူတစ်ဦးဟာ ဝါရှင်တန်ဒီစီရှိ သူ့စခန်းကနေ ဖုံးတွေနဲ့ထုသလို မတော်မတရား စွပ်စွဲချက်တွေနဲ့ လှမ်းလှမ်းပြီး ထုနေလေရဲ့။ သူဟာ သူ့ကိုယ်သူ သီလရှိသူပုံဖမ်းပေမယ့် သီလကြောင် (ကြောင်သူတော်)ပါပဲ။ ဒီလူရဲ့ အပြောအဆို၊ အပြုအမူတွေကို တရုတ်နဲ့ ရုရှားနိုင်ငံတို့က အာရုံစိုက်ပေးကြပါဦးလား။

ရိုးရိုးသားသားဆိုကြပါစို့ရဲ့။ စွမ်းရည်မြင့်တဲ့သူတွေ၊ ဉာဏ်ကြီးရှင်တွေက ရေရှည်မှာ လုပ်သလောက် အကျိုးခံစားခွင့်မရနိုင်တဲ့ ကန်ထရိုက်ကြေးစား လုပ်ကိုင်ပေးရတဲ့ဘဝမျိုးနဲ့ အခုလို နိုင်ငံတကာအဖွဲ့အစည်းတွေမှာ ဝင်ရောက်လုပ်ကိုင်လေ့မရှိကြပါဘူး။ သူတို့ဟာ ဘဏ္ဍာရေးဝန်ဆောင်မှုကုမ္ပဏီတွေ၊ ဥပဒေအကျိုးဆောင်ကုမ္ပဏီတွေ၊ ရင်းနှီးမြှုပ်နှံရေး ကုမ္ပဏီတွေ စသည်စသည်ဖြင့် အကျိုးအမြတ်ကြီးမားစွာရနိုင်တဲ့ အလုပ်အကိုင်တွေမှာသာ မျှော်မှန်း လုပ်ကိုင်တတ်ကြတာပါ။

### သူတို့ကိုယ်သူတို့ လူတွင်ကျယ် ဂိုက်ဖမ်းတတ်ကြ

အဲဒီလိုအမြင့်ဆုံးကျွမ်းကျင်သူ ပညာရှင်အဆင့်မှာ မပါဝင်သူတွေကတော့ ငွေရပေါက်ရလမ်းကြီးမားတဲ့အလုပ်တွေမှာ လုပ်ခွင့်မရကြပေမယ့်လည်း သူတို့ကိုယ်သူတို့ အရေးပါသူဖြစ်သယောင်ယောင်၊ သီလစင်ကြယ်သူဖြစ်သယောင်ယောင် လူတွင်ကျယ် ဂိုက်ဖမ်းတတ်ကြတယ်။

သီးခြားကိစ္စရပ်တစ်ခုအနေနဲ့ ဆက်လက်ပြောချင်ပါသေးတယ်။ "စီးပွားရေးပညာရှင်" တစ်ဦးပါလို့ သူ့ကိုယ်သူ ထုတ်ဖော်ပြောနေတဲ့ လူတစ်ဦးဟာ လတ်တလောမှာတော့ စာအုပ်တွေ လိုက်ရောင်းနေပါတယ်။

ဒီလူဟာ ဘောဂဗေဒ ဒါမှမဟုတ် ဘဏ္ဍာရေးအကြောင်းရပ်တွေနဲ့ သက်ဆိုင်တဲ့ စာအုပ်စာတမ်းတွေ ဈေးကွက်မှာ အရောင်းထွက်ဖို့ သွက်သွက်လက်လက် လှုပ်ရှားနေပုံရတယ်။ လမ်းကြောင်းအမျိုးမျိုးကတစ်ဆင့် စာအုပ်တွေကို အစွံထုတ်ဖို့ ကြိုးစားနေတဲ့ စီးပွားရေးပညာရှင်ကြီးတစ်ဦးဆိုပါစို့။

ဒီနေရာမှာ ပြည်သူတွေ မေးသင့်တဲ့မေးခွန်းတစ်ခုပေါ်လာတယ်။ ဘယ်လိုအစိုးရမျိုးမဆို နိုင်ငံတော်ရဲ့ လျှို့ဝှက်ကန့်သတ်အဆင့်ရှိတဲ့ သတင်းအချက်အလက်တွေကို ယုံကြည်ရပါတယ်ဆိုတဲ့ အခြားနိုင်ငံသားတစ်ဦးကို ပေးအပ်ဖို့သင့်ပါသလား။ သာဓကဆောင်ရရင် အမေရိကန်နဲ့ ယူကေနိုင်ငံတို့ဟာ နှစ်မြွှာအသည်း မဟာမိတ်တွေဖြစ်ကြတဲ့တိုင်အောင် မိမိနိုင်ငံရဲ့ လျှို့ဝှက်အပ်တဲ့၊ အတိမ်းအစောင်းမခံနိုင်တဲ့ သတင်းအချက်အလက်တွေကို တစ်နိုင်ငံနဲ့တစ်နိုင်ငံ မျှဝေပေးသင့်ပါသလား။ ဥပမာအားဖြင့် အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက်နိုင်ငံတွေဖြစ်တဲ့တိုင်အောင် ယူကေနိုင်ငံသားတစ်ဦးကို အမေရိကန်အစိုးရက သူ့ရဲ့လျှို့ဝှက်စာလွှာစာတမ်းတွေကို ပေးအပ်လိုက်တာမျိုးရှိပါသလား။ မဟာမိတ်နိုင်ငံရဲ့ နိုင်ငံသားတစ်ဦးဖြစ်လို့ဆိုပြီး အမေရိကန်သမ္မတရဲ့ စီးပွားရေးအကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်ပြီး လျှို့ဝှက်အဆင့်ရှိ သတင်းအချက်တွေကိုပေးလို့ရကောင်းပါသလား။ ဒီလိုအခြေအနေမျိုးဆိုက်အောင် လုပ်သင့်လုပ်ထိုက်ပါသလား။

ပြောမယ့် ကြုံဖူးမှသိဆိုသလို ကျွန်တော်တို့ မြန်မာနိုင်ငံတစ်နိုင်ငံတည်းမှာပဲ အထက်ဖော်ပြပါ ဖြစ်စဉ်မျိုး ဖြစ်သွားခဲ့တာပါ။ မြန်မာအစိုးရ အဖွဲ့ ခေါင်းဆောင်ရဲ့ အထက်တန်းအကြံပေးတစ်ဦးအဖြစ် နိုင်ငံခြားသားတစ်ဦးကို ခန့်ထားခဲ့တာပါ။ သွားလေသူအစိုးရအဖွဲ့ဟာ လုပ်ထုံးလုပ်နည်း စံချိန်စံညွှန်းနဲ့အညီ လုပ်ကိုင်ဘိအလား နိုင်ငံခြားသားတစ်ဦးကို ယုံမှတ်ပုံအပ်ခဲ့တာပါ။ ဥဒါဟရုဏ်ညွှန်းဆိုရရင် လေးစားအပ်ပါသော နိုင်ငံခြားသားစီးပွားရေးပညာရှင်တစ်ဦးဦးကို စင်ကာပူဝန်ကြီးချုပ် ဒါမှမဟုတ် ထိုင်းဝန်ကြီးချုပ်ရဲ့ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်ပါ့မလား၊ အနောက်တိုင်းအစိုးရအဖွဲ့ တစ်ရပ်ရပ်ကရော ခန့်အပ်တာမျိုး ကြားဖူးကြပါရဲ့လား၊ နိုင်ငံခြားသားတစ်ဦးကို နိုင်ငံတစ်နိုင်ငံရဲ့ ခေါင်းဆောင်ပိုင်း အတွင်းစည်းထဲအထိ ဝင်ရောက်စေပြီး စီးပွားရေးအကြံပေးအဖြစ် ထားတာမျိုးဖြစ်နိုင်ပါရဲ့လား၊ သွေးမတော်၊ မျိုးမတူ၊ လူမျိုးခြားတစ်ဦးကို ယုံမှတ်ပုံအပ်ဖို့သင့်ပါရဲ့လား။ ဒီမေးခွန်းကို လူတိုင်းမမေးမြန်းသင့်ဘူးလား။

ဟုတ်သမှသိပ်မှန်လွန်းလှပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံခြားသံရုံးတစ်ရုံးက တာဝန်ရှိသူတစ်ဦးဟာ အစိုးရအဖွဲ့ရဲ့ အစည်းအဝေးအချို့ကို ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ခဲ့တယ်ဆိုတာ လူတိုင်းသိနေတဲ့အချက်ပါ။ (သူဘယ်သူလဲဆိုတာကိုလည်း ခင်ဗျားသိပါလိမ့်မယ်။)

ရိုးရိုးကျင့် မြင့်မြင့်ကြံကြပါ ပြည်သူအပေါင်းတို့။ ။

{၂၂-၇-၂၀၂၄ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ ဆောင်းပါးရှင် Dr. Nay Zaw Min (Roma) ၏ Myanmar Derangement Syndrome ဆောင်းပါးကို ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်။}

**❊ ရိုးရိုးသားသားဆိုကြပါစို့ရဲ့။ စွမ်းရည်မြင့်တဲ့သူတွေ၊ ဉာဏ်ကြီးရှင်တွေက ရေရှည်မှာ လုပ်သလောက် အကျိုးခံစားခွင့်မရနိုင်တဲ့ ကန်ထရိုက်ကြေးစား လုပ်ကိုင်ပေးရတဲ့ဘဝမျိုးနဲ့ အခုလိုနိုင်ငံတကာအဖွဲ့အစည်းတွေမှာ ဝင်ရောက်လုပ်ကိုင်လေ့မရှိကြပါဘူး။ သူတို့ဟာ ဘဏ္ဍာရေးဝန်ဆောင်မှု ကုမ္ပဏီတွေ၊ ဥပဒေအကျိုးဆောင်ကုမ္ပဏီတွေ၊ ရင်းနှီးမြှုပ်နှံရေး ကုမ္ပဏီတွေ စသည်စသည်ဖြင့် အကျိုးအမြတ်ကြီးမားစွာရနိုင်တဲ့ အလုပ်အကိုင်တွေမှာသာ မျှော်မှန်း လုပ်ကိုင်တတ်ကြတာပါ**

# ကရင်ပြည်နယ်အတွင်း(စတုတ္ထအကြိမ်) သစ်ပင်စိုက်ပွဲ ပျိုးပင်ပေါင်း ၂၂၂၅ ပင်ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုး

**ဘားအံ ဇူလိုင် ၂၃**

ကရင်ပြည်နယ်အတွင်း ယခုနှစ်မိုးရာသီတွင် သစ်မျိုး ၁၇ မျိုး စုစုပေါင်းအပင် ၂၇၀၀၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ယခုအခါ ပျိုးပင်ပေါင်း ၂၁၆၉၁၀ (ရာခိုင်နှုန်းအားဖြင့် ၈၀ ဒသမ ၃၄ ရာခိုင်နှုန်း) ကို ဖြန့်ဝေစိုက်ပျိုးပြီးစီးခဲ့ပြီး ဇူလိုင် ၂၃ ရက်က ၂၀၂၄ ခုနှစ် ပြည်နယ်အဆင့် မိုးရာသီ (စတုတ္ထအကြိမ်) သစ်ပင်စိုက်ပွဲအနေဖြင့် မိဖ မွေးမြူရေးဇုန်အတွင်း သစ်မျိုး ၁၁ မျိုးဖြင့် ပျိုးပင်ပေါင်း ၂၂၂၅ ပင်ကို လူထုလှုပ်ရှားမှုအသွင် စုပေါင်းစိုက်ပျိုးကြသည်။

ထိုသို့စိုက်ပျိုးရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရန်၊ ရာသီဥတုမျှတကောင်းမွန်လာစေရန်၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ လေထုညစ်ညမ်းခြင်း၊ အပူဒဏ်လွန်ကဲခြင်းစသည့် ဘေးအန္တရာယ်များကို ကာကွယ်နိုင်စေရန်နှင့် သစ်တောသစ်ပင်များကို ပိုမိုတန်ဖိုးထား ချစ်ခင်မြတ်နိုးလာပြီး စိတ်ပါဝင်စားစွာဖြင့် ကိုယ်တိုင်ကိုယ်ကျ စိုက်ပျိုးပြုစုထိန်းသိမ်းလိုသည့် အသိစိတ်များရှင်သန်လာစေရန် လူထုလှုပ်ရှားမှုအသွင် သစ်ပင်စိုက်ပွဲများကို ကျင်းပခြင်းဖြစ်ပြီး ဒေသခံပြည်သူများအား သက်ဆိုင်ရာသစ်တောဦးစီးဌာနများနှင့်ဆက်သွယ်၍ သစ်တောသစ်ပင်များကို စိတ်ဝင်စားစွာဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင်စိုက်ပျိုးပြုစုထိန်းသိမ်းစေရေးအတွက် စည်းရုံးလှုံ့ဆော် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မိဖမွေးမြူရေးဇုန်မှ တာဝန်ရှိသူတစ်ဦးထံ ရှင်သန်ကြီးထွားရန် အကောင်းဆုံးအရွယ်ရှိသည့် ပျိုးပင်များကို ဖြန့်ဝေပေးအပ်ပြီး တက်ရောက်လာသော ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများနှင့် အခြေခံပညာကျောင်းများမှ သင်တန်းသားသင်တန်းသူ၊ ကျောင်းသားကျောင်းသူ၊ ဆရာဆရာမများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့်အတူ စိန်ပန်း၊ ခရေ၊ ပိတောက်၊ မန်ကျည်းရှား၊ မဟော်ဂနီ အစရှိသော ပျိုးပင်ပေါင်း ၂၂၂၅ ပင်ကို စုပေါင်းစိုက်ပျိုးကြသည်။

ယခုအခါ ကရင်ပြည်နယ်အတွင်း လူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်း၊ လမ်းဘေးဝဲ/ယာ စိုက်ပျိုးခြင်း၊ ဌာနဆိုင်ရာ၊ တပ်ရင်းတပ်ဖွဲ့များနှင့် လူထုဖြန့်ဝေစိုက်ပျိုးခြင်း၊ ကျေးရွာထင်းစိုက်ခင်းစိုက်ပျိုးခြင်းနည်းလမ်းများဖြင့် ပျိုးပင်ပေါင်း ၂၁၉၁၃၅ ပင်ကို စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို နေပြည်တော်တွင် ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၃**

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားအား ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပနိုင်ရေးနှင့် နေပြည်တော်တွင် ကျင်းပမည့် လူငယ်ဖိုရမ်၊ လူငယ်လေ့လာရေးခရီးစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းများ ပြုလုပ်သွားမည့် အစီအစဉ်များတွင် ရန်ကုန်တိုင်းဒေသကြီးမှ တက်ရောက်မည့် လူငယ်များရွေးချယ်စေလွှတ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ပြုလုပ်သည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားရာ ယနေ့ကမ္ဘာကြီးတွင် လူငယ်များ၏ အရေးပါသော အခန်းကဏ္ဍကို အသိအမှတ်ပြုရန် ဩဂုတ်လ ၁၂ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အဖြစ် သတ်မှတ်ကြေညာ၍ ကမ္ဘာတစ်ဝန်းလုံးရှိ အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ပြည်သူများနှင့် အသိုက်အဝန်းများအားလုံးက နိုင်ငံတော်အဆင့်၊ အပြည်ပြည်ဆိုင်ရာအဆင့် အခမ်းအနားများ ကျင်းပလာရာ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို နေပြည်တော်တွင် ကျင်းပမည်ဖြစ်ပြီး ရွေးချယ်စေလွှတ်မည့် လူငယ်များသည် ဘက်စုံကဏ္ဍစုံမှ ထူးချွန်ထက်မြက်သောလူငယ်များကို စနစ်တကျ ရွေးချယ်စေလွှတ်ကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက နေပြည်တော်တွင် ကျင်းပမည့် လူငယ်ဖိုရမ်၊ လူငယ်လေ့လာရေး ခရီးစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းများ ပြုလုပ်သွားမည့်အစီအစဉ်များတွင် အဖွဲ့အစည်းများ၏ စာရင်းပေးပို့ချက်အရ ပဏာမရွေးချယ်ထားသည့် ရန်ကုန်တိုင်းဒေသကြီးမှ တက်ရောက်မည့်လူငယ်များအကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး၊ နေပြည်တော်အခမ်းအနားသို့လူငယ်များ စေလွှတ်ရေးတို့အတွက် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက် အောင်မြင်စွာကျင်းပနိုင်ရေးနှင့် နေပြည်တော်တွင် ကျင်းပမည့်အခမ်းအနားသည် နိုင်ငံတော်အဆင့် ဆောင်ရွက်သည့်ပွဲဖြစ်၍ တိုင်းဒေသကြီးမှစေလွှတ်မည့် လူငယ်အဖွဲ့ဝင် ၁၄ ဦးတို့အား စနစ်တကျ ရွေးချယ်စေလွှတ်နိုင်ရေးနှင့် နိုင်ငံတော်၏ တာဝန်ကိုပခုံးပြောင်းထမ်းဆောင်မည့် လူငယ်များ၏ အရည်အချင်း၊ အရည်အသွေးများ ပြည့်စုံနေအောင် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်း၍ စနစ်တကျ လေ့ကျင့်သင်ကြားပေးကြရန်နှင့် လုပ်ငန်းကဏ္ဍအလိုက် တာဝန်ရှိသူအားလုံးပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန် ပြောကြားသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီဝင်များ၊ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များ ဖြစ်သည့် တိုင်းဒေသကြီးဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အဖွဲ့အစည်းများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

❖ ကျော့ဖုံးမှ

ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန်၊ ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❒ ကျော့ဖုံးမှ

ပထမဆုံးပွဲမှာပင် နိုင်ပွဲရယူနိုင်ခဲ့သည်။ ခြေစစ်ပွဲအောင်ပြီး MNL –2 တွင် ယှဉ်ပြိုင်ခွင့်ရသည့် ရှောဝတီရိန်းဂျားအသင်းသည် အဖွင့်ပွဲမှာပင် ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ Chinland အသင်းအတွက် ဂိုးများကို ၁၂၊ ၄၈ မိနစ်တွင် ဟိန်းသက်ဖြိုး၊ ၇၂ မိနစ်တွင် လှဘုန်းဦးတို့က သွင်းယူပြီး ရှောဝတီရိန်းဂျားအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၂ မိနစ်တွင် ထိုက်သူဟန်က သွင်းယူခဲ့သည်။ ယခုပွဲအတွက်အကောင်းဆုံးဆုကို Chinland အသင်းမှ လှဘုန်းဦးက ရရှိသည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ကချင်ယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ အသင်းသစ် ရာမညယူနိုက်တက်အသင်းသည် ၃၂ မိနစ်တွင် ဆန်းမြင့်နိုင်သွင်းယူသည့်ဂိုးဖြင့် မိနစ် ၉၀ အထိ ဦးဆောင်နိုင်သော်လည်း ကချင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ၉၀+၁ မိနစ်တွင် ဂျာနော်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရာမည ယူနိုက်တက်အသင်း ခေါင်းဆောင် ဆန်းမြင့်နိုင်က ရရှိသည်။

ပွဲစဉ် (၁) ဒုတိယနေ့အဖြစ် ဇူလိုင် ၂၄ ရက် **(ယနေ့)** တွင် တက္ကသိုလ်ကွင်း၌ တက္ကသိုလ်အသင်းနှင့် ဧကြယ်ပွင့်အသင်း၊ စလင်းကွင်း၌ Glory Goal အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ–MNL**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## လှည်းကူးမြို့နယ် အဝိုင်းအနောက်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အဝိုင်းအနောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကောဝိဒါရာမကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူစုစုပေါင်း ၁၁၃ ဦးတို့ကို နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အရိုးအကြောရောဂါ၊ ဖျားနာရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ရောဂါရှာဖွေစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် လှိုင်ကော်မြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်နိုင်ရေး ပြည်နယ်အတွင်း လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

လွိုင်ကော် ဇူလိုင် ၂၃

**၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်အတွင်းရှိ လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်နယ်အတွင်း လုပ်ငန်းရှင်များ တက်ရောက်ကြသည်။**



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကား ပြောကြားရာတွင် ကယားပြည်နယ် အတွင်း အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက် အမှောင့် ဆောင်ရွက်ခဲ့မှုကြောင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးနှောင့်နှေးခဲ့ရပြီး ပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်များ များစွာထိခိုက် ဆုံးရှုံးခဲ့ရ ကြောင်း၊ ယခုအခါ လွိုင်ကော်မြို့ ပြန်လည်တည်ငြိမ် အေးချမ်းမှု ရရှိလာပြီဖြစ်သဖြင့် ဒေသဖွံ့ဖြိုးရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ အား အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ရမည့် အချိန် အခါဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း ပြည်နယ်အတွက် စေတနာထားကာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးမှုရှိစေရေး၊ စံချိန်စံညွှန်း အရည်အသွေး ပြည့်ဝမှုရှိစေရေးနှင့် ပေးသွင်းရမည့် အခွန်အခများ ပေးသွင်းနိုင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လွိုင်ကော်မြို့အား မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး၊ ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်နိုင်ရေး ၊ နေရပ်ပြန်ပြည်သူများ လက်ခံခြင်း၊ ပြည်သူများ သောက်သုံးရေ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ပြည်သူများ အခြေခံလိုအပ်ချက်များအား ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကဏ္ဍစုံတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ဦးစားပေးအဆင့်အလိုက် ဟန်ချက်ညီဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များအား ဒေသတွင်း ပြန်လည်ထူထောင် ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် အတွက် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်မျိုးသိန်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများ ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းရှင်များက လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ နှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းကူညီ ဆောင်ရွက်ပေးမည့် အခြေအနေများကို ဆွေးနွေး တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူ များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် လွိုင်ကော်မြို့နယ်အတွင်း ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များ က စုပေါင်း၍ အလှူငွေကျပ်သိန်း ၅၀၀ လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး စီးပွားရေး လုပ်ငန်းရှင်များကို ရင်းရင်းနှီးနှီး အားပေး စကားပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဟားခါးမြို့ပေါ်တွင် တာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် စာရေးဝန်ထမ်းများနှင့် မိသားစုဝင်များအားတွေ့ဆုံပွဲနှင့် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကျင်းပ

ဟားခါး ဇူလိုင် ၂၃

ဟားခါးမြို့ပေါ်တွင် တာဝန် ထမ်းဆောင်နေသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် စာရေးဝန်ထမ်းများ နှင့် မိသားစုဝင်များအား တွေ့ဆုံပွဲ နှင့် ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက ဟားခါး မြို့ ချင်းပြည်နယ် ရဲတပ်ဖွဲ့ရုံး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ခရိုင်၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ဟားခါးမြို့ပေါ်တွင် တာဝန် ထမ်းဆောင်နေကြသော မြန်မာ နိုင်ငံ ရဲတပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်း များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။




ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က လုံခြုံရေးနှင့် တရားဥပဒေစိုးမိုး ရေး တာဝန်ထမ်းဆောင်နေကြ သည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် များနှင့် မှီခိုသူ မိသားစုဝင်များ ၏ သက်သာချောင်ချိရေးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ အခါ အားလျော်စွာ ထောက်ပံ့ပေးလျက် ရှိကြောင်း၊ နောင်တွင်လည်း ဆက်လက် စီစဉ်ဆောင်ရွက်ပေးရ မည်ဖြစ်ကြောင်း၊ လုံခြုံရေး တပ်ဖွဲ့ဝင်များကလည်း မိမိတို့ လုပ်ငန်းတာဝန်များကို ရဲရဲဝံ့ဝံ့နှင့် သစ္စာရှိရှိ ဆောင်ရွက်သွားစေလို ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လုံခြုံရေး နှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူး ကြီး သိန်းထွန်းအောင်နှင့် လမ်းပန်း ဆက်သွယ်ရေးရာဝန်ကြီး ဦးနေ လင်းအောင်တို့က အားပေးစကား ပြောကြားကြပြီး ပြည်နယ်ဝန်ကြီး ချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဟားခါးမြို့ပေါ်တွင် တာဝန် ထမ်းဆောင်နေကြသော ရဲတပ်ဖွဲ့ ဝင်များနှင့် မိသားစုဝင်များကို ထောက်ပံ့ပစ္စည်းများ ပေးအပ် ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အခမ်းအနား တက်ရောက်လာကြ သည့် ရဲတပ် ဖွဲ့ဝင်များနှင့်၎င်းတို့၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြား သည်။

ခရိုင်(ပြန်/ဆက်)

## လှည်းကူးမြို့နယ်၌ မိုးရာသီသစ်ပင် စုပေါင်းစိုက်ပျိုး

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျော့က္ကဒင်ကျေးရွာ မဇ္ဈိမ ဂုဏ်ရည်ကျောင်းတိုက်ဝင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် က အဆိုပါ ကျောင်းတိုက်ဝင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ လှည်းကူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွန်းနောင်၊ မြို့နယ် သစ်တောဦးစီးအရာရှိ ဦးပြည့်ဖြိုးကျော်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ကျွန်းပင် ၄၆၀၊ မဟော်ဂနီပင်၂၈၀၊ ပျဉ်းကတိုးပင် ၅၀၊ ကံ့ကော်ပင် ၅၀၊ ပိတောက်ပင် ၃၀၊ မန်ကျည်းပင် ၁၂၂၀ ပျိုးပင် ပေါင်း၂၀၉၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

အာကာလင်း



## ဧရာဝတီနှင့် ဝေါနမြစ်ရေကြီးမှုအခြေအနေများ

နေပြည်တော် ဇူလိုင် ၂၃

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၀ ဒသမ ၅၄ ပေ (၂၁၅၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၉ ဒသမ ၅၅ ပေ (၂၁၂၀ စင်တီမီတာ) အထက်သို့ တစ်ပေ ခွဲကျော်ခန့် (၅၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၉ ဒသမ ၃၇ ပေ (၁၂၀၀ စင်တီမီတာ) အထက်သို့ နှစ်ပေခွဲ ခန့် (၇၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ (၁၃၄၂ စင်တီမီတာ) အထက်သို့ နှစ်ပေ ခွဲကျော်ခန့် (၈၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ သုံးပေခန့် (၈၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မ ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ နှစ်ပေခန့် (၅၇ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၃၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ဆိပ်သာမြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ထရမ့်ကို နိုင်ငံ၏အန္တရာယ်ဟု ပြောကြားလိုက်ပြီး ရွေးကောက်ပွဲတစ်လျှောက် ဟားရစ်ကို အပြည့်အဝထောက်ခံသွားမည်ဟု ဘိုင်ဒင်ပြော



ဝါရှင်တန် ဇူလိုင် ၂၃

**အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ပါတီ၏သမ္မတလောင်းအဖြစ် ဒုတိယသမ္မတ ကာမလာဟားရစ်ကို လက်ခံယုံကြည်ပေးရန် ပါတီမဲဆွယ်စည်းရုံးရေးဝန်ထမ်းများကို တောင်းဆိုလိုက်ပြီး ၎င်း၏ဆုံးဖြတ်ချက်သည် မှန်ကန်သောလုပ်ရပ်ဖြစ်ကြောင်း ပြောကြားလိုက်သည်။**

**ဟားရစ်ကို ကိုယ်စားလှယ်အဖြစ် လက်ခံရန်တိုက်တွန်း**

ဘိုင်ဒင်သည် ဇူလိုင် ၂၂ ရက်က အရှေ့ပိုင်း ဒယ်လာဝဲလ်ပြည်နယ် စည်းရုံးရေးဌာနချုပ်တွင် ဟားရစ်ကို အခမ်းအနားပွဲသို့ တက်ရောက်ရန် ဖိတ်ခေါ်ခဲ့သည်။ ဘိုင်ဒင်သည် အဆိုပါအခမ်းအနား၌ ပါဝင်ဆွေးနွေးခဲ့ပြီး ဟားရစ်ကို ကိုယ်စားလှယ်အဖြစ် လက်ခံရန် တိုက်တွန်းခဲ့သည်။ ထိုသို့ တိုက်တွန်းခဲ့ခြင်းသည် ဘိုင်ဒင်၏သမ္မတ ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းမှ ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း တနင်္ဂနွေနေ့က ကြေညာပြီးသည့်နောက်ပိုင်း ပထမဆုံးသော လူသိရှင်ကြား ပြောကြားချက်ဖြစ်သည်။

မဲဆွယ်စည်းရုံးရေးအဖွဲ့အား မနေ့ကသတင်းသည် အံ့သြဖွယ်ကောင်းပြီး ယုံဖို့ခက်နေမယ်ဆိုတာ မိမိသိကြောင်း၊ သို့သော်လည်း မှန်ကန်သော လုပ်ဆောင်ချက်တစ်ခုဖြစ်ကြောင်း ဘိုင်ဒင်က ပြောကြားခဲ့သည်။

**ဟားရစ်ကို ရွေးကောက်ပွဲတစ်လျှောက် ထောက်ခံသွားမည်**

ဟားရစ်ကို ရည်ညွှန်းပြီး ဘိုင်ဒင်က ၎င်းသည် အကောင်းဆုံးဖြစ်ကြောင်းနှင့် ၎င်းကိုအားပေးထောက်ခံကြပါဟု ပြောကြားခဲ့သည်။ ထိပ်ပိုင်းမှာ နာမည်ပြောင်းသွားသော်လည်း လုပ်ဆောင်ရမည့် တာဝန်များကတော့ ပြောင်းလဲသွားမှာမဟုတ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ဘိုင်ဒင်က ဒေါ်နယ်ထရမ့်ကို နိုင်ငံ၏ အန္တရာယ်တစ်ခုဟု ပြောကြားခဲ့သည်။ နိုဝင်ဘာ ရွေးကောက်ပွဲ အနိုင်ရရန် ဟားရစ်ကို ရွေးကောက်ပွဲတစ်လျှောက် ထောက်ခံသွားမည်ဖြစ်ကြောင်း ဘိုင်ဒင်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## သီရိလင်္ကာနိုင်ငံ၏ငွေကြေးဖောင်းပွမှု ဇွန်လတွင် ၂ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့်တက်

ကိုလံဘို ဇူလိုင် ၂၃

အမျိုးသား စားသုံးသူဈေးနှုန်း အညွှန်းကိန်းအရ သီရိလင်္ကာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် မေလတွင် ၁ ဒသမ ၆ ရာခိုင်နှုန်းရှိရာမှ ဇွန်လတွင် ၂ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း သန်းခေါင်စာရင်းနှင့် စာရင်းအင်းဦးစီးဌာနက ဇူလိုင် ၂၂ ရက်က ပြောကြားလိုက်သည်။

အစားအသောက် အမျိုးအစားထဲတွင် ငွေကြေးဖောင်းပွမှုသည် မေလတွင် ဝ ဒသမ ၅ ရာခိုင်နှုန်းမှ ဇွန်လတွင် ၁ ဒသမ ၉ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း အဆိုပါဌာနက ဆက်လက်ပြောကြားခဲ့သည်။

အစားအသောက် မဟုတ်သော ကဏ္ဍများတွင် ငွေကြေးဖောင်းပွမှုနှုန်းသည် ၂ ဒသမ ၄ ရာခိုင်နှုန်းမှ ၂ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးလာခဲ့သည်။

မကြာသေးမီက အာရှဖွံ့ဖြိုးရေးဘဏ်သည် သီရိလင်္ကာ၏ ၂၀၂၄ ခုနှစ် ငွေကြေးဖောင်းပွမှု ခန့်မှန်းချက်ကို ပြန်လည်ပြင်ဆင်ခဲ့သည်။ **ဆင်ဟွာ**



## ဩစတြေးလျလူမျိုးများ နှစ်စဉ်နှစ်တိုင်း အစားအသောက် တန်ချိန် ၇ ဒသမ ၈ သန်းကျော် ဖြုန်းတီးနေ

ကင်ဘာရာ ဇူလိုင် ၂၃

ဩစတြေးလျလူမျိုးများသည် နှစ်စဉ်နှစ်တိုင်း အစားအသောက် တန်ချိန် ၇ ဒသမ ၈ သန်းကျော် လွှင့်ပစ်နေကြောင်း အစီရင်ခံစာတစ်ခုတွင် ဖော်ပြထားသည်။

အိမ်ထောင်စုပေါင်း ၃ ဒသမ ၇ သန်းအတွက် အစားအသောက်ရရှိရေး ကြိုးစားရုန်းကန်နေရချိန်တွင် ယခုလိုစွန့်ပစ်လိုက်သော အစားအသောက် အလေအလွင့်များသည် ဩစတြေးလျနိုင်ငံသားတိုင်း၏ နေ့လယ်စာအတွက် လုံလောက်ကြောင်း အစားအသောက်ဖြုန်းတီးရေး အဆုံးသတ်ပါ ဩစတြေးလျ (အီးအက်ဖ်ဒဗလျူအေ) ဟု အမည်ရသည့်အဖွဲ့၏ ဇူလိုင် ၂၃ ရက်တွင် ထုတ်ပြန်လိုက်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဩစတြေးလျလူမျိုးများ နှစ်စဉ် အစားအစာ ဖြုန်းတီးမှု၏ စုပေါင်းတန်ဖိုးမှာ ဩစတြေးလျဒေါ်လာ ၃၆ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၃ ဘီလီယံ) ရှိကြောင်း အဆိုပါအစီရင်ခံစာက ခန့်မှန်းထားသည်။ **ဆင်ဟွာ**

## ကမ္ဘောဒီးယားနိုင်ငံ၌ ပထမနှစ်ဝက်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၇၀၅၈ ဦးရှိ

ဖနောင်ပင် ဇူလိုင် ၂၃

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမနှစ်ဝက်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၇၀၅၈ ဦးရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁၀ ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း ကျန်းမာရေးတာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့တွင် ပြောသည်။

ကမ္ဘောဒီးယားနိုင်ငံ သည် သွေးလွန်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှုကို ဟန့်တားနိုင်ရန် အဘိတ်ဆေး တန်ချိန် ၁၆၀ ကျော်နှင့် ခြင်နိုင်ဆေး လီတာများစွာကို ပြင်ဆင်ဆောင်ရွက်ထားကြောင်း အမျိုးသား သွေးလွန်တုပ်ကွေး ရောဂါထိန်းချုပ်ရေး မန်နေဂျာနှင့် အမျိုးသား ကပ်ပါးရောဂါနှင့် ငှက်ဖျားရောဂါထိန်းချုပ်ရေးဗဟိုဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး လန်းဂ်ရီသီယာက ဆင်ဟွာသို့ ပြောသည်။

အဘိတ်ဆေးသည် ပိုးလောက်လမ်းများကိုနှိမ်နင်းရာတွင် ရေအိုးများ၌ ထည့်၍အသုံးပြုရသော ဓာတုပစ္စည်း တစ်မျိုးဖြစ်သည်။ မိဘများသည် ၎င်းတို့၏ ကလေးငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားသည်ဟု သံသယရှိပါက ၄၈ နာရီအတွင်း ကျန်းမာရေးဌာနများ သို့မဟုတ် ပြည်နယ်ဆေးရုံများသို့ ပို့ဆောင်သင့်ကြောင်း ၎င်းက ပြောသည်။ ထို့ပြင်သွေးလွန်တုပ်ကွေးဖြစ်ပွားပါက မိမိတို့ကိုယ်တိုင် ကုသမှုမပြုလုပ်ကြရန်လည်း ပြည်သူများကို ၎င်းက တိုက်တွန်းထားသည်။ **ဆင်ဟွာ**

## အီသီယိုးပီးယား မြေပြိုကျမှုမှ သေဆုံးသူ ၁၅၇ ဦးအထိ ရှိလာ

အဒစ်အဘာဘာ ဇူလိုင် ၂၃

အီသီယိုးပီးယားနိုင်ငံတောင်ပိုင်းတွင် မြေပြိုကျမှုကြောင့် သေဆုံးသူပေါင်း ၁၅၇ ဦးအထိ ရှိလာကြောင်း ဒေသန္တရအစိုးရက အင်္ဂါနေ့တွင် ပြောသည်။

ယင်းမြေပြိုကျမှုမှာ တနင်္လာနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် အီသီယိုးပီးယားနိုင်ငံတောင်ပိုင်း ဂီဇီဂိုဖာခရိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လတ်တလောတွင် ဒေသခံအသိုင်းအဝိုင်းက ထိခိုက်ဒဏ်ရာရရှိသူများကို ကယ်တင်နိုင်ရေးလုပ်ဆောင်လျက်ရှိကြောင်းနှင့် အမိုးအကာများ၊ စားရေရိက္ခာများ ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရရှိသူများကို ကယ်တင်နိုင်ရန် အခင်းဖြစ်ပွားသည့် နေရာသို့ သွားသူများ၏ နောက်ဆက်တွဲ မတော်တဆမှုများကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လာခြင်းဖြစ်သည်။ အီသီယိုးပီးယားကြက်ခြေနီအသင်း၊ အနီးဝန်းကျင်ဒေသများနှင့် ဇုန်များမှ ကျွမ်းကျင်အတတ်ပညာရှင်များသည် အခင်းဖြစ်ပွားသည့် နေရာ၌ ထိခိုက်ဒဏ်ရာရရှိသူများကို ကူညီပေးလျက်ရှိကြောင်းနှင့် အခင်းဖြစ်ပွားသည့် နေရာ၌ ကယ်ဆယ်ရေးလုပ်ငန်းများကို လူအင်အားဖြင့်သာ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။



**ဆင်ဟွာ**

## နီပေါနိုင်ငံ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လျှပ်စစ်သုံးမော်တော်ယာဉ် စံချိန်တင် တင်သွင်း

ခတ္တမန္ဒူ ဇူလိုင် ၂၃

နီပေါနိုင်ငံသည် ဇူလိုင်လလယ်တွင် ကုန်ဆုံးသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လျှပ်စစ်သုံးမော်တော်ယာဉ်ပေါင်း ၁၁၇၀၁ စီးကို စံချိန်တင် တင်သွင်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနက တနင်္လာနေ့တွင် ထုတ်ပြန်ခဲ့သည်။

လျှပ်စစ်သုံးမော်တော်ယာဉ်များ အနက် ၈၀၆၅ စီးမှာ တရုတ်နိုင်ငံမှ တင်သွင်းခြင်းဖြစ်ပြီး ယင်းမှာ စုစုပေါင်းတင်သွင်းမှု၏ ၆၉ ရာခိုင်နှုန်းနီးပါးရှိသည်။ နီပေါနိုင်ငံသည် လျှပ်စစ်သုံးမော်တော်ယာဉ်ကို ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တွင် ၄၀၅၀ စီးနှင့် ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်တွင် ၁၈၀၅ စီးသာ တင်သွင်းနိုင်ခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနက ဖော်ပြသော အချက်အလက်များအရ သိရသည်။

ရေနံတင်သွင်းမှုအပေါ် မှီခိုအားထားနေရမှုကို လျှော့ချရန် ကြိုးပမ်းနေသော နီပေါနိုင်ငံ၌ လျှပ်စစ်သုံးမော်တော်ယာဉ်များမှာ လူကြိုက်များလာကြောင်း သိရသည်။ **ဆင်ဟွာ**



## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ ဦးဥတ္တမခန်းမအား အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေး



**စစ်တွေ ဇူလိုင် ၂၃**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမအား အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ဦးဥတ္တမခန်းမအား အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုကို ဆောက်လုပ်ရေးလုပ်ငန်းတာဝန်ခံက လုပ်ငန်းစတင်ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်ပြီးစီးနေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ခန်းမသန့်ရှင်းသာယာရေးနှင့် ခန်းမအတွင်း လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်နိုင်ရေး၊ ခန်းမအတွင်း LED ဘုတ်အား အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် နားနေခန်းအတွင်း လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်နိုင်ရေး လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဦးဥတ္တမပန်းခြံအတွင်း ယာဉ်ရပ်နားရန်နေရာ၊ ပန်းခြံနှင့် အားကစားကွင်းများ ဆောင်ရွက်ပြီးစီးမှု လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်မိုးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်နယ်အစိုးရ အဖွဲ့ဝင်များက ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဦးဥတ္တမပန်းခြံအတွင်း မြေယာရှုခင်းများ ပြင်ဆင်ထားရှိမှု၊ ရေပန်းများ၊ လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှု၊ ဆရာတော် ဦးဥတ္တမရုပ်တု ရင်ပြင်သန့်ရှင်းသာယာရေးဆောင်ရွက်ထားရှိမှု၊ ပန်းခြံအတွင်း အားကစားကွင်းများ ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး(**အပေါ်ပုံ**) လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## လောင်းလုံးမြို့နယ် ရင်းဘုတ်ကျေးရွာနှင့် ပြင်ချောင်းကျေးရွာတို့မှ ဒေသခံနေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ပြည်သူ ၁၀ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၂၃**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ရင်းဘုတ်ကျေးရွာနှင့် ပြင်ချောင်းကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၂၂ရက်တွင် ဝင်ရောက်စီးနင်းပြီး ဒေသခံနေအိမ်များကို မီးရှို့ဖျက်ဆီးကာ ပြည်သူ ၁၀ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ လောင်းလုံးမြို့နယ်အတွင်းရှိ ရင်းဘုတ်ကျေးရွာ၊ ပြင်ချောင်းကျေးရွာနှင့် အနီးဝန်းကျင်တစ်ဝိုက်တို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၂၂ ရက်က နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ပြီး ထိုသို့ လုံခြုံရေးဆောင်ရွက်ရာတွင် ၎င်းကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူများကို ဖမ်းဆီးခေါ်ဆောင်ခြင်း မရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများသည် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လုံခြုံရေးဆောင်ရွက်ရာ နေရာဒေသများအနီးရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူများကိုဖမ်းဆီးခြင်း စသည့်လုံ့ဆော်ဝါဒဖြန့်သတင်းမှားများဖြင့် အများပြည်သူ စိုးရိမ်ထိတ်လန့်လာစေပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## အမျိုးသမီးလိဂ်တွင် ရောဝတီအသင်း နိုင်ပွဲရပြီး လက်ရှိချန်ပီယံ မြဝတီ ရှုံးပွဲကြုံတွေ့

**ရန်ကုန် ဇူလိုင် ၂၃**

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၉) နောက်ဆုံးနေ့ကို ဇူလိုင် ၂၃ ရက်က စလင်းကွင်း၌ကျင်းပရာ ရောဝတီအသင်းက လက်ရှိချန်ပီယံ မြဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

လက်ရှိချန်ပီယံ မြဝတီအသင်းသည် ဒုတိယအကျော့တွင် နှစ်ပွဲဆက်တိုက် အရေးနိမ့်ခဲ့ပြီး ထိပ်ဆုံးမှ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ၁၁ မှတ်အထိ ကွာဟသွားပြီဖြစ်သောကြောင့် ချန်ပီယံဆုကာကွယ်နိုင်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ရောဝတီအသင်းက ခေါ်ယူထားသည့် လက်ရွေးစင်ဟောင်း သန်းသန်းထွေးမှာ ဒုတိယပိုင်းတွင် လူစားဝင် ကစားခဲ့သည်။ သန်းသန်းထွေးသည် ဘောလုံးလောကနှင့် ကာလအတန်ကြာ ဝေးကွာနေသူဖြစ်ပြီး ရောဝတီအသင်းနှင့်အတူ ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည်။ ပထမပိုင်းပြီးခါနီး ၄၄ မိနစ်တွင် နော်ထက်ထက်ဝေ သွင်းယူသည့်ဂိုးဖြင့် ရောဝတီအသင်းက ဦးဆောင်နေသည်။ ရောဝတီအသင်းအတွက် ၅၁ မိနစ်တွင်စန်းသော်သော်က ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ၇၆ မိနစ်တွင် ပန်းအိခိုင်က မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။

ပွဲစဉ် (၉) အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရှစ်ပွဲကစား ၂၁ မှတ်ဖြင့် ဦးဆောင်နေပြီး အား/ကာသိပ္ပံအသင်းက ခုနစ်ပွဲကစား ၁၇ မှတ်၊ ရောဝတီအသင်းက ရှစ်ပွဲကစား ၁၆ မှတ်၊ မြဝတီအသင်းက ရှစ်ပွဲကစား ၁၀ မှတ်၊ သစ္စာအားမာန်အသင်းက ခုနစ်ပွဲကစား ကိုးမှတ်၊ YREO အသင်းက ရှစ်ပွဲကစား လေးမှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ ရှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**ရဲရင့်လွင်**

## မြို့နယ်အချို့၌ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုကြောင့် နေအိမ်များပျက်စီး

**နေပြည်တော် ဇူလိုင် ၂၃**

ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်း ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် တယ်ပင်(၂)ကျေးရွာ၌ သစ်ပင်လဲကျပိမိ၍ နေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့သည်။

အလားတူ မွန်းလွဲ ၂ နာရီက ရေကြည်မြို့နယ်အတွင်း ဝေနံမြစ်ရေတိုက်စားမှုကြောင့် တောင်ဝေ့းထောက်ကျေးရွာ၌ သစ်ပင်လဲကျပိမိ၍ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ်နှစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် "ATH အောင်သက်ထွေး" TikTok အကောင့် ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာနေ မင်းမင်းစိုး (ခ)ပိကျိအား နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ "Razorfox Legends" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ် ကံဆည်ကျေးရွာနေ အောင်သူထွေးအား ညနေ ၅ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အမျိုးသမီး ၁၇ ဦးအား ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ် ရယူရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇူလိုင် ၂၃**

အမျိုးသမီး ၁၇ ဦးအား ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်း ဒေသကြီး သဃ်န်းကျွန်းမြို့နယ်နေ သန့်ဇင်မော်(ခ)မာမီနှင့် ဝင်းကျော်သူ တို့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နေ မ----၊ ၂၇/၂၀၂၃ နှစ်ပါ မိန်းကလေး ၁၇ ဦး ကို သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉) ရပ်ကွက် တောင်ထိပ်ပန်းလမ်းရှိ နေအိမ်တွင် ပိတ်လှောင်ထားပြီး ပြည့်တန်ဆာ လုပ်ငန်းတွင် အဓမ္မခိုင်းစေကာ ရရှိသည့် ငွေကြေး အကျိုးအမြတ်များ အား ခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သဖြင့် သုဝဏ္ဏနယ်မြေရဲစခန်း (ပ)၄၄၈/၂၀၂၃၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။

အဆိုပါ ပြစ်မှုကျူးလွန်သည့် တရားခံ သန့်ဇင်မော်(ခ) မာမီနှင့် ဝင်းကျော်သူတို့ နှစ်ဦးကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီ ကျခံစေရန် သဃ်န်းကျွန်းခရိုင်တရားရုံးက ဇူလိုင် ၂၂ ရက်တွင် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျိုက်မရောထောင်တွင် အကျဉ်းသားများကို ထောင်အာဏာပိုင်များက အကြောင်းမဲ့ ရိုက်နှက်တိုက်ပိတ်ထားကြောင်း မဟုတ်မမှန် လုပ်ကြံသတင်းရေးသားဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၂၃**

"ကျိုက်မရောထောင်တွင် နိုင်ငံရေးအကျဉ်းသား ငါးဦးကို ထောင်အာဏာပိုင်များက အကြောင်းမဲ့ ရိုက်နှက်တိုက်ပိတ်ထားပြီး ထောင်တွင်း ပုဒ်မများစွာဖြင့် အမှုရင်ဆိုင်နေရ" ဟူသော ခေါင်းစဉ်ဖြင့် Khit Thit Media အမည်ခံ Facebook Page က ဇူလိုင် ၁၆ ရက်တွင် ပြည်သူလူထုမှ အထင်အမြင် လွဲမှားစေရန် အဖျက်အမှောင့်သတင်းအဖြစ် မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်ကို စိစစ်ရာတွင် ညီညီ (ခ) အရှည်ကြီး အပါအဝင် အကျဉ်းသား ငါးဦးသည် ဇွန် ၂၇ ရက်က လုံခြုံရေးအရ တပ်ဆင်ထားသည့် CCTV ကင်မရာ သုံးလုံးအား မြင်ကွင်းကြည်လင်ပြတ်သားမှုမရှိစေရန်နှင့် လုံခြုံရေးထိခိုက်စေရန် ရည်ရွယ်ချက်ဖြင့် အိပ်ဆောင်နံရံသုတ်ထုံးဖြင့် သုတ်လိမ်းခဲ့သည်ကို CCTV မှတ်တမ်းများအရ စစ်ဆေးတွေ့ရှိရသည့်အတွက် ယင်းအကျဉ်းသားများကို တာဝန်ခံအရာရှိက အကျဉ်းထောင်လက်စွဲဥပဒေနှင့်အညီ ခြေချင်းခတ်၍ တိုက်ပိတ်ပြစ်ဒဏ် နှစ်ပတ်၊ ပါဆယ်ပစ္စည်းပေးသွင်းခွင့်နှင့် ညှော်တွေ့ခွင့် တစ်လပိတ်ခြင်းနှင့် တိုက်ပိတ်ပြစ်ဒဏ် နှစ်ပတ်ပြည့်ပါက သီခြားတိုက်တွင် ထားရှိရန် ပြစ်ဒဏ်များ ချမှတ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ပြစ်ဒဏ်ချမှတ်၍ တိုက်ခန်းသို့ပြောင်းရွှေ့ထိန်းသိမ်းချိန်တွင်လည်း ရိုက်နှက်မှုမရှိကြောင်း၊ ယင်းအကျဉ်းသားများအား တရားရုံးတွင် အမှုဖွင့်တရားစွဲဆိုခြင်း မပြုလုပ်ဘဲ တာဝန်ခံအရာရှိမှ အကျဉ်းထောင်လက်စွဲဥပဒေနှင့်အညီ စီမံခန့်ခွဲပြီး ထောင်တွင်း ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသာ ဖြစ်သည့်အတွက် Khit Thit Media ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင် လွဲမှားစေရန်နှင့် ထင်ယောင်ထင်မှားဖြစ်စေရန် အဖျက်အမှောင့် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။

**မိုးအောင်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## နိုင်ငံတော်အစိုးရမှ အီဂျစ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် ဇူလိုင် ၂၃**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများ အပေါ် အလေးအနက် တန်ဖိုးထားသည့် အနေဖြင့် မည်သို့သော အခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် သက်ဆိုင်ရာ နိုင်ငံမှ သံရုံးများ ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အီဂျစ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မအေးသီရိမိုးအား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးအနေဖြင့် အီဂျစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးဌာနတွင် မအေးသီရိမိုး တရားမဝင်နေထိုင်ခဲ့မှုအတွက် သတ်မှတ်ဒဏ်ကြေးများ ပေးဆောင်ခြင်းနှင့် Valid Visa လျှောက်ထားခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မအေးသီရိမိုးသည် ဇူလိုင် ၂၂ ရက်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မှ ဒေသစံတော်ချိန် ည ၇ နာရီ မိနစ် ၅၀ ၌ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့၍ ရန်ကုန်မြို့သို့ ယနေ့ ညနေ ၆ နာရီတွင် ပြန်လည်ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မအေးသီရိမိုးသည် ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ဒူဘိုင်းမြို့၌ အလုပ်လုပ်ကိုင်ရန် အေးဂျင့်များ ချိတ်ဆက်ပေးမှုဖြင့် ရောက်ရှိခဲ့ပြီး ဒူဘိုင်းမြို့ အခန်းတစ်ခန်းတွင် အလုပ်အကိုင်မရှိဘဲ ရက် ၂၀ ခန့်နေထိုင်ခဲ့ကာ အေးဂျင့်ဖြစ်သူက ဒူဘိုင်းတွင် အလုပ်မရနိုင်ဘဲ အီဂျစ်နိုင်ငံသို့သွားမှသာ အလုပ်အကိုင်ရရှိမည်ဖြစ်ပြီးလုပ်ခလစာအဖြစ် အမေရိကန်ဒေါ်လာ ၃၅၀ ရရှိမည်ဟု ပြောကြားခဲ့ကြောင်း၊ အကယ်၍ အီဂျစ်သို့ မသွားပါက ဆော်ဒီအာရေဗျနိုင်ငံသို့ ပို့ဆောင်ခံရမည် ဖြစ်သောကြောင့် အီဂျစ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် အီဂျစ်နိုင်ငံသို့ရောက်ရှိခဲ့ပြီး နေအိမ်တစ်အိမ်၌ ခုနစ်လကြာ လုပ်ကိုင်ခဲ့ရကာ လစာအပြည့်အဝ မရခြင်း၊ အလုပ်ချိန်များပြားခြင်းတို့ကြောင့် ပင်ပန်းမှုဒဏ်မခံနိုင်တော့သဖြင့် ၂၀၂၄ ခုနှစ် မေလတတိယပတ်တွင် ယင်းအလုပ်မှ ထွက်ပြေးခဲ့ကြောင်း၊ နိုင်ငံကူးလက်မှတ်ကို အိမ်ရှင်က သိမ်းဆည်းထားပြီး နေထိုင်လုပ်ကိုင်သည့် နေအိမ်လိပ်စာကို မသိသည့်အပြင် ဒူဘိုင်းအေးဂျင့်ကလည်း အဆက်အသွယ်ဖြတ်တောက်ခဲ့သည့် အခက်အခဲများစွာကြောင့် အမိနိုင်ငံသို့ အမြန်ဆုံးပြန်လို၍ ကိုင်ရိုမြို့ရှိ မြန်မာသံရုံးနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ မြန်မာသံရုံးက အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရန် စာရွက်စာတမ်းများရရှိရေးတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံသို့ပြန်လည်ထွက်ခွာခွင့်ရရှိခဲ့၍ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။



အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် အခက်အခဲကြုံတွေ့ခဲ့ရမှုနှင့်စပ်လျဉ်း၍ မအေးသီရိမိုးက "ကျွန်မကမိတ္ထီလာမြို့မှာ နေပါတယ်။ အသက်က ၂၄ နှစ်ပါ။ အီဂျစ်မှာ တော်တော် ဒုက္ခရောက်နေချိန် မြန်မာသံရုံးကို သွားခဲ့တယ်။ အစစအရာရာ ကူညီပေးကြတဲ့သံရုံးက သံအမတ်ကြီးနဲ့ ဆရာများအားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီနေရာကနေ ကန်တော့ပါတယ်။ နောက်ထပ်လည်း မသွားကြပါနဲ့လို့ ပြောချင်ပါတယ်။ နိုင်ငံတော်က ခွင့်ပြုထားတဲ့ အလုပ်အကိုင်တွေကိုပဲ လုပ်ဆောင်ကြပါလို့ ပြောချင်ပါတယ်။ နိုင်ငံတော်က လူကြီးများနဲ့ တာဝန်ရှိသူအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

အရှေ့အလယ်ပိုင်း နိုင်ငံများတွင် အခက်အခဲများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့က ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ထိုနိုင်ငံတွင် အလုပ်လုပ်ကိုင်စဉ် အလုပ်ရှင်နှင့်အဆင်မပြေမှုဖြစ်ပေါ်ပါက မြန်မာပွဲစားများက တာဝန်ယူဖြေရှင်းပေးမှု မရှိသည့်အပြင် ပြည်ပအေဂျင်စီရုံးများနှင့် အလုပ်ရှင်တို့က နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ ပွဲစားများက အေဂျင်စီရုံး အဆင့်ဆင့်ထံ လက်လွှဲအသုံးချခြင်းတို့ကို ကြုံတွေ့ကြရလျက်ရှိပြီး မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့က အရှေ့အလယ်ပိုင်းနိုင်ငံများကို နှစ်နိုင်ငံသဘောတူညီချက်အရ တရားဝင် အလုပ်လုပ်ကိုင်ရန် စေလွှတ်မှုမရှိကြောင်း၊ မြန်မာအမျိုးသမီးများအား အဆိုပါနိုင်ငံတွင် အိမ်အကူအလုပ်လုပ်ရန်အတွက် တရားမဝင် အလုပ်လုပ်ကိုင်ရာဖွေရေးအေဂျင်စီများက လိမ်လည်ပို့ဆောင်လျက်ရှိကြောင်း၊ တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ပါက သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေပြဌာန်းချက်များအတိုင်း အရေးယူခံရမည့်အပြင် အခြားမမျှော်မှန်းနိုင်သော အန္တရာယ်များ၊ လူကုန်ကူးခံရနိုင်သည့် အခြေအနေများနှင့် ကြုံတွေ့နိုင်ကြောင်း၊ ရေမြေခြား၊ ယဉ်ကျေးမှုမတူသည့် ပတ်ဝန်းကျင်တွင် မျက်နှာငယ်ရမည့်အပြင် မြန်မာနိုင်ငံသံရုံး မရှိသည့် နေရာများသို့ ရောက်ရှိနေပါက အကူအညီရရှိရန် အခက်အခဲရှိနိုင်ကြောင်းနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်ကြမည့်သူများအနေဖြင့် မိမိသွားမည့်ဒေသ၏ အခြေအနေမှန်အား လေ့လာသိရှိထားရန် လိုအပ်ကြောင်း အကြံပြုအသိပေး ထုတ်ပြန်ထားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးက ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ကြပြီး ယခုလို အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ မြန်မာသံရုံးတို့ကို လှိုက်လှဲစွာ အထူးကျေးဇူးတင် လျက်ရှိကြောင်း သတင်းရရှိသည်။

**ညီမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ- ကနူး**

## တောင်တွင်းကြီးမြို့နယ်တွင် အခွန်ပညာပေး ရှင်းလင်းဆွေးနွေး

**တောင်တွင်းကြီး ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အခွန်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ဖြင့် ကပ်နှိပ်ရောင်းချသည့် လုပ်ငန်းရှင်များဖြစ်သော စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်းရှင်များ၊ ရွှေနှင့်လက်ဝတ်ရတနာရောင်းချသည့် လုပ်ငန်းရှင်များ၊ လက်ကိုင်ဖုန်း (Handset) နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချသည့် လုပ်ငန်းရှင်များအား အခွန်ပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးအရာရှိ ဒေါ်လွင်လွင်ထွန်းက အခွန်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်၊ အခွန်အမျိုးအစားများ၊ နိုင်ငံတော်၏ အခွန်အကောက်ဖွဲ့စည်းထားရှိမှု၊ ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်းမှ အခွန်ပေးဆောင်ခြင်းဆိုင်ရာသိမှတ်ဖွယ်ရာများ၊ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း၊ အခွန်ပေးသွင်းခြင်း၊ ကြေညာလွှာတင်သွင်းခြင်း၊ ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများက သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်အခွန်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ **ရန်နောင်စိုး (ပြန်/ဆက်)**



# ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ ရေဘေးကာကွယ်ရေးတာများ

ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဟူသော ဆိုရိုးကဲ့သို့ပင် မုတ်သုံမိုးညို့ညို့နှင့်အတူ မြန်မာ့မြစ်ချောင်းအင်းအိုင်ရေပြင်တို့သည် ပြည့်လျှံဖွေးဖြူလျက်ရှိကြ၏။ မိုးရာသီသည် သစ်ပင်သီးနှံများ၊ ကောက်စိုက်တေးသံများဖြင့် သာယာသောကာလဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း ရေလွှမ်းမိုးမှုဘေးအန္တရာယ်သည် ဤကာလ၏ အလေးထားရမည့်စိန်ခေါ်မှုတစ်ရပ် ဖြစ်လျက်ရှိနေပါသည်။ ဇူလိုင်လအစတွင် မြစ်ဖျားပိုင်းမှ အစပြုခဲ့သော ဧရာဝတီမြစ်ရေကြီးမှုသည် ယခုအခါတွင် မြန်မာနိုင်ငံအလယ်ပိုင်းနှင့်အောက်ပိုင်းများသို့ တဖြည်းဖြည်းပျံ့နှံ့ရောက်ရှိလာလျက်ရှိနေပါသည်။

အေးမြင့်ဆွေ(ဆည်/ရေ)

ရေ၏အကျိုးစီးပွားသည် မကုန်နိုင်များပြားသကဲ့သို့ နူးညံ့ပျော့ပျောင်းသည် ထင်ရသော ရေ၏အဖျက်စွမ်းအားသည်လည်း လွန်စွာကြီးမားပါသည်။ တွေ့ရှိမှုများအရ အလွန်လျင်မြန်စွာ စီးဆင်းလာသော ရေအနက် ခြောက်လက်မခန့်သည် လူတစ်ဦးအား လဲကျမျောပါသွားစေနိုင်သကဲ့သို့ ထိုရေအနက် နှစ်ပေခန့်သည် ကားတစ်စီးကို မျောပါသွားစေနိုင်ပါသည်။ ရေကြီးမှုဖြစ်ပွားပါက လူ၊ တိရစ္ဆာန်နှင့် အဆောက်အအုံများပျက်စီးခြင်း၊ သီးနှံရိက္ခာများ ပျက်စီးခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်း၊ အခြေခံစားသောက်ကုန်များ ဈေးတက်ခြင်း၊ အလုပ်အကိုင်ဆုံးရှုံးခြင်း၊ ကူးစက်ရောဂါများ ဖြစ်ပွားခြင်း စသည်ဖြင့် ဆိုးကျိုးများစွာတွေ့ကြုံရပါသည်။

ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်အစီအစဉ်၏ အချက်အလက်များအရ ကမ္ဘာအနှံ့ ရေကြီးရေလျှံမှုဖြစ်စဉ်များသည် လွန်ခဲ့သောနှစ်ပေါင်း ၄၀ အတွင်း နှစ်ဆခန့် ပိုမိုများပြားလာကြောင်း သိရှိရသည်။ ရေကြီးရေလျှံမှုများသည် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ချွတ်ယွင်းလာမှု၊ မြစ်ချောင်းများတိမ်ကောလာမှုစသည့်အကြောင်းတရားများစွာကြောင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုပြင်းထန်လာလျက်ရှိသည်။ ထို့ကြောင့် ရေဘေးအန္တရာယ်ကာကွယ်ခြင်းလုပ်ငန်းများနှင့် ရေဘေးအန္တရာယ်ဆိုင်ရာ အသိပညာများ မျှဝေခြင်းတို့သည် များစွာအရေးကြီးလာပါသည်။




ညောင်တုန်းမြို့နယ်၌ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲ ဆောင်ရွက်စဉ်။

### ဆည်မြောင်းလုပ်ငန်းများနှင့် ရေဘေးအန္တရာယ်ကာကွယ်ရေး

မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်အရ လူဦးရေထူထပ်သော မြို့ပြအများစုသည် အဓိက မြစ်ကြီးလေးစင်း၏ မြစ်ချောင်းကမ်းဘေး မြေနိမ့်လွင်ပြင်ဒေသများတွင် တည်ရှိကြခြင်းဖြစ်သည်။ ဧရာဝတီမြစ်သည်လည်း ရေစီးဆင်းမှု ကြီးမားမြန်ဆန်ခြင်း၏ ပထဝီဝင်ဝိသေသများဖြစ်ကြသော မြောက်ဘက်ရေခဲတောင်များ၊ တောင်ဘက်ဘင်္ဂလားပင်လယ်အော်မုန်တိုင်းများ၊ ကြီးမားကျယ်ပြန့်၍ ရေစီးမြန်သော မြင့်မားသည့် ရိုးမတောင်တန်းများအား ပိုင်ဆိုင်ထားလျက် မြန်မာနိုင်ငံ မြောက်ဖျားမှ တောင်ဘက်ပင်လယ်ဝအထိ ခက်ဖြာစီးဆင်းနေခြင်းဖြစ်ပါသည်။ ဧရာဝတီမြစ်၏ စုစုပေါင်း ရေဆင်းဧရိယာသည် ၁၅၆၀၀၀ စတုရန်းမိုင်ရှိ၍ မြန်မာတစ်နိုင်ငံလုံး၏ ၆၁ ရာခိုင်နှုန်းခန့်ရှိသည်ဖြစ်ရာ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရေကြီးနစ်မြုပ်မှုဖြစ်စဉ်များသည် မြန်မာနိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပေါ် များစွာဆိုးကျိုးသက်ရောက်မှုရှိပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းတွင် ရေလှောင်တမံ ၂၄၆ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ရေကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခု၊ မြစ်ရေတင်လုပ်ငန်း ၂၁၉ ခု စုစုပေါင်း ရေအားအဆောက်အအုံ ၈၈၀ ကို စနစ်တကျထိန်းသိမ်းစီမံကာ စိုက်ပျိုးမြေဧရိယာ ဧက ၃၁ သိန်းကျော်အား စိုက်ပျိုးရေပေးဝေခြင်းနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် မြစ်ရေကြီးခြင်းမှ ကာကွယ်ရန် ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ခြင်း၊ ချောင်းရိုး မြောင်းရိုးနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ရေလှောင်တမံတွင် ရေထိန်း၍ ထိန်းညှိရေလွှတ်ခြင်းများဖြင့်လည်း ရေဘေးအန္တရာယ်လျော့ပါးရန် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် ရေဘေးကာကွယ်ရေးတာနှင့် ရေငန်တားတာ ၂၃၁ ခု စုစုပေါင်း အလျား ၂၅၉၄ မိုင်ဖြင့် မြေဧရိယာ ဧက ၂ ဒသမ ၇၄ သန်းကျော်ကို ရေကြီးနစ်မြုပ်မှုနှင့် ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်ပေးလျက်ရှိပါသည်။ မြစ်ကမ်းမြို့ရွာအသီးသီးတွင်လည်း ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ထားလျက်ရှိသည့်အနက် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတို့တွင် ပို၍များပြားစွာ တွေ့ရှိရပါသည်။

### ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် ရေဘေးကာကွယ်ရေးတာများ

ဧရာဝတီမြစ်ဝကျွန်းပေါ်ဆိုသည်မှာ မြန်အောင်မြို့အထက်ဘက် ၁၅ မိုင်ခန့်အကွာ ဆိပ်သာမြို့မှ အစပြု၍ ပင်လယ်ဝအထိ ဧရာဝတီမြစ်အောက်ပိုင်းအား ခေါ်ဆိုခြင်းဖြစ်ပါသည်။ ဧရာဝတီမြစ်၏ အထက်ပိုင်းနှင့်အလယ်ပိုင်းသည် အရှေ့ဘက်နှင့် အနောက်ဘက်ကမ်း နှစ်ဖက်စလုံးရှိ မြင့်မားသော တောင်တန်းများအကြားမှ ကန့်သတ်လွင်ပြင်တွင် စီးဆင်းရ၍ အောက်ပိုင်းဧရာဝတီ မြစ်ဝကျွန်းပေါ်တွင်မူ အထူးညီညာပြန့်ပြူးသော လွင်ပြင်တစ်လျှောက် မြစ်ခွဲများအဖြစ် ခက်ဖြာစီးဆင်းပါသည်။ မြစ်ဝှမ်းတစ်ခုလုံးမှ တိုက်စားလာသော အနည်အနှစ်များပို့ချရာ မြေနုလွင်ပြင်ဖြစ်သောကြောင့် မြေဆီမြေနှစ်ကောင်းမွန်၍ စိုက်ပျိုးရေးလုပ်ငန်းများဖြစ်ထွန်းကာ လူနေထိုင်မှု ထူထပ်များပြားသောဒေသဖြစ်ပါသည်။ သို့ရာတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်သည် ဧရာဝတီမြစ် ရေဆင်းဧရိယာအားလုံးမှ ရေများ၏ ထွက်ပေါက်ဖြစ်ခြင်း၊ အလွန်ညီညာပြန့်ပြူးခြင်း၊ မြေနုလွင်ပြင်ဖြစ်၍ ရေတိုက်စားလွယ်ခြင်း၊ မြစ်ကြောင်းပြောင်းခြင်း၊ အရှေ့တောင်အာရှ မြစ်ဝကျွန်းပေါ်များအနက် မိုးအများဆုံး မြစ်ဝကျွန်းပေါ်ဖြစ်ခြင်း၊ ပင်လယ်ဒီရေအတက်အကျနှင့် မုန်တိုင်းများ တွေ့ကြုံရသောဒေသဖြစ်ခြင်းတို့ကြောင့် ရေဘေးအန္တရာယ်အား အခြားဒေသများထက် ပိုမိုတွေ့ကြုံခံစားရလေ့ရှိပါသည်။

ထို့ကြောင့် မြို့ရွာများနှင့် လယ်ယာမြေများကို ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် ရေဘေးကာကွယ်ရေးတာများအား ရှေးယခင်ခေတ်များမှပင် တောင်သူလယ်သမားများက ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ကြပါသည်။ ၁၈၆၂ ခုနှစ် ဗြိတိသျှအစိုးရလက်ထက်မှစ၍ စနစ်တကျရေဘေးကာကွယ်ရေးတာများ စတင်တည်ဆောက်လာခဲ့ပြီး ကြံခင်းမြို့အနောက်ဘက်ကမ်းတာ၊ မြန်အောင်တာ၊ ငဝန်တာ၊ တဘူးချောင်းဝတာ၊ ဟင်္သာတတာ စသည်ဖြင့် ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ခဲ့ပါသည်။ ယခုအခါတွင် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတာ၊ ဧရာဝတီဟင်္သာတဘက် ကမ်းတာ၊ ညောင်တုန်းကျွန်းတာ၊ မအူပင်ကျွန်းတာ၊ တာဝ–ပါလှဲ့ကုက္ကိုဝတာ၊ သုံးခွကျွန်းတာ၊ ရွှေလောင်းကျွန်းတာ၊ လပွတ္တာကျွန်းတာ၊ ကြက်ဖမွေးဇောင်းကျွတ်ပတ်တာများ စသည်ဖြင့် ဧရာဝတီ မြစ်ဝကျွန်းပေါ် ရေဘေးကာကွယ်ရေးတာများသည် ရေဘေးကာကွယ်ရေးအတွက် များစွာအကျိုးပြုလျက်ရှိပါသည်။

ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ရာတွင် ရေကြီးမှတ်တမ်းနှင့် တွက်ချက်မှုများအရ ဒီဇိုင်းရေကြီးမှတ်(Design Flood Level) အထက်တွင် ရေလွတ်အမြင့် (Free Board) ပေါင်းထည့်၍ တာထိပ်အမြင့် A.C.L (Authorised Crest Level) အား သတ်မှတ်ပါသည်။ အောက်ခံနှင့် ဖို့မြေ နှစ်မျိုးစလုံး၏ မြေသားသိပ်သည်းမှု၊ လုံလောက်သော တာဖြတ်ပိုင်း အကျယ်ရှိမှု၊ တာပေါင်ဘေးနှစ်ဖက် လျှောစောက်များ တည်ငြိမ်ခိုင်မြဲမှုတို့သည်လည်း ရေဘေးကာကွယ်ရေး တာများခိုင်ခံ့မှုအတွက် လွန်စွာအရေးကြီးပါသည်။ မြစ်ကြောင်းပြောင်းလဲမှုကြောင့် ရေဦးထိုးခြင်းမှ ကာကွယ်နိုင်ရန်လည်း စနစ်တကျတွက်ချက်၍ တာအူကြောင်းနေရာ သတ်မှတ်ရန်လိုအပ်ပါသည်။

### ရေဘေးကာကွယ်ရေးတာများ ထိန်းသိမ်းခြင်း

တာတမံနိမ့်ကျမှုကြောင့် ရေကျော်ခြင်း၊ သဲဗွက်ထခြင်း၊ တာအိခြင်း၊ ရေပေါက်(ထူးပေါက်) ပေါက်ခြင်း စသည်တို့သည် ရေဘေးကာကွယ်ရေးတာများ ပျက်စီးရခြင်း၏ အကြောင်းရင်းများဖြစ်ကြပါသည်။ ရေဘေးကာကွယ်ရေးတာများကို ဌာနမှ သတ်မှတ်ပြဋ္ဌာန်းထားသည့် တာတမံဥပဒေ၊ တာတမံပြုပြင်ထိန်းသိမ်းခြင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျထိန်းသိမ်းခြင်းလုပ်ငန်းများအား ဆောင်ရွက်ကြပါသည်။

မိုးရာသီတွင် တာအလျားအလိုက် တည်နေရာအပေါ်မူတည်၍ရေကင်းတဲများ တည်ဆောက်ထားရှိပြီး ရေကင်းလှည့်ဇယားကို စနစ်တကျရေးဆွဲ၍ ရေကင်းလှည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြပါသည်။ ရေကင်းအရာရှိများသည် ရေကင်းစခန်းတွင် ရှိနေပြီး အချိန်နှင့်တစ်ပြေးညီ တာတမံ၏ အခြေအနေအား စောင့်ကြည့်စစ်ဆေး သတင်းပို့ကြပါသည်။ ရေမှတ်စခန်းများရှိ ရေမှတ်တိုင်များ၏ ရေအမှတ်တိုင်းတာဖတ်ရှုခြင်းနှင့် မှတ်တမ်းစာအုပ်တွင် ရေးသားခြင်း၊ ရေမှတ်တိုင်များ ခိုင်ခံ့မှုရှိ မရှိနှင့် ရေမှတ်တိုင်ရှိ ရေမှတ်ကိန်းဂဏန်းများ တိကျမှန်ကန်မှု ရှိ မရှိ စစ်ဆေးခြင်း၊ ပုံမှန်အခြေအနေတွင် နေ့စဉ်နံနက် ၆ နာရီ၊ မွန်းတည့် ၁၂ နာရီနှင့် ညနေ ၆ နာရီ တစ်နေ့လျှင် သုံးကြိမ်ရေမှတ်များ မှတ်သားခြင်း၊ သတ်မှတ်ထားသည့် စိုးရိမ်ရေမှတ်သို့ ရောက်ရှိပါက ၂၄ နာရီ နာရီစဉ်ရေမှတ်ဖတ်ခြင်းများအား ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူများပူးပေါင်းပါဝင်သည့် ရေကင်းစောင့်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် ရေကြီးရေလျှံမှု အရေးပေါ်အခြေအနေများတွင် တုံ့ပြန်ကာကွယ်ဆောင်ရွက်မှုများ အဆင်သင့်ဖြစ်စေရန်အတွက်လည်း မိုးရာသီတွင် ဒေသစိတ်များအလိုက် ရေကင်းစခန်းများတွင် အရေးပေါ်တည်ဆောက်ရေးပစ္စည်းများ ကြိုတင်စုဆောင်းထားခြင်း၊ တည်ဆောက်ရေးယာဉ်

စာမျက်နှာ ၁၇ သို့

- ဧရာဝတီမြစ်၏ စုစုပေါင်း ရေဆင်းဧရိယာသည် ၁၅၆၀၀၀ စတုရန်းမိုင်ရှိ၍ မြန်မာတစ်နိုင်ငံလုံး၏ ၆၁ ရာခိုင်နှုန်းခန့်ရှိသည်ဖြစ်ရာ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရေကြီးနစ်မြုပ်မှုဖြစ်စဉ်များသည် မြန်မာနိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပေါ် များစွာဆိုးကျိုးသက်ရောက်မှုရှိ
- မြန်မာနိုင်ငံတစ်ဝန်းတွင် ရေဘေးကာကွယ်ရေးတာနှင့် ရေငန်တားတာ ၂၃၁ ခု စုစုပေါင်း အလျား ၂၅၉၄ မိုင်ဖြင့် မြေဧရိယာ ဧက ၂ ဒသမ ၇၄ သန်းကျော်ကို ရေကြီးနစ်မြုပ်မှုနှင့် ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်ပေးလျက်ရှိ

# မြန်အောင်ခရိုင်အတွင်းရှိ ယာယီရေဘေးသင့်ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့

ပုသိမ် ဇူလိုင် ၂၃

**ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင်အတွင်း ဧရာဝတီမြစ်ရေကြီးမှုကြောင့် ဘေးလွတ်ရာသို့ ယာယီခိုလှုံနေရသည့် ရေဘေးသင့်ပြည်သူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၂ ရက်က သွားရောက်တွေ့ဆုံ၍ အခြေခံ စားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။**

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကြံခင်းမြို့နယ်၊ အားကစားရုံ၊ ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ သောက်ရေသန့်၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ဆေးဝါးများ စသည့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် ကြံခင်းမြို့နယ်အတွင်း ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် မြစ်ရေဝင်ရောက်မှု၊ သီးနှံများ ရေကြီးနစ်မြုပ်မှု၊ ထိခိုက်မှု၊ ပျက်စီးမှုနှင့် ပြန်လည်စိုက်ပျိုးမှု အခြေအနေများအား တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှု အပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြစ်ရေပြန်လည်ကျဆင်းသည်နှင့် သီးနှံများ အမြန်ဆုံးပြန်လည်စိုက်ပျိုးနိုင်ရေး ဌာနဆိုင်ရာများ၊ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြန်အောင်မြို့ အမှတ်(၅)ရပ်ကွက် တာဝတိံသာဓမ္မာရုံတွင် မြို့နယ်အတွင်းရှိ ယာယီရေဘေးသင့်ပြည်သူများအတွက် အခြေခံစားသောက်ကုန်များနှင့် ရေသန့်ဆေးပြားများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တာဝတိံသာ ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့ထံသို့အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ရုံးအစည်းအဝေးခန်းမ(၁)တွင် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၂/၂၀၂၄) ဖွင့်ပွဲကို ဇူလိုင် ၂၂ ရက်က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက် အမှာစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။



အဆိုပါသင်တန်း အမှတ်စဉ် (၂/၂၀၂၄) ကို ဇူလိုင် ၂၂ ရက်မှ ၂၆ ရက်အထိ စုစုပေါင်း ငါးရက်ကြာ ဖွင့်လှစ် သင်ကြားမည်ဖြစ်ပြီး သင်တန်းသားဦးရေ ၅၉ ဦးအား ဥပဒေအရာရှိ ကိုးဦးက သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

---

## မင်းဘူး(စကု)မြို့နယ်၌ အခြေခံပညာ ဘာသာရပ်မွမ်းမံ သင်တန်းများ ဖွင့်လှစ်

မင်းဘူး ဇူလိုင် ၂၃

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းများ ဘာသာရပ်မွမ်းမံသင်တန်းများကို စင်တာ ခုနစ်ခု ဖွင့်လှစ် ကျင်းပလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ မင်းဘူး(စကု)မြို့နယ်အတွင်းရှိ မွမ်းမံသင်တန်းစင်တာများမှာ အထက (၂) မင်းဘူး၊ အထက စကု၊ အထက (ခွဲ) စကုတောင်ရပ်၊ အထက မယ်ဘော့ကုန်း၊ အထက ဆင်ခေါင်း၊ အထက မုန်တောင်၊ အထက ရွာသာယာ စသော အခြေခံပညာကျောင်း ခုနစ်ကျောင်းတွင် ဖွင့်လှစ်ခဲ့ပြီး ဇူလိုင် ၇ ရက်မှ ဩဂုတ် ၄ ရက်အထိ ဖွင့်လှစ်ကျင်းပမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်သွယ်သွယ်ထံမှ သိရသည်။

**ဇေယျာထက်(မင်းဘူး)**

---

*စာမျက်နှာ ၁၆ မှ*

စက်ယန္တရားများ၊ အလုပ်သမားများ ကြိုတင်ပြင်ဆင်ထားခြင်း၊ အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက တာတမံတစ်လျှောက် ဒေသစိတ်အလိုက် အနီးရှိကျေးရွာများမှ ရရှိနိုင်မည့် အရေးပေါ်ပစ္စည်းများ၊ သယ်ပို့ယာဉ်၊ ရေယာဉ်နှင့် လူအင်အားစာရင်းတို့ကိုလည်း ကြိုတင်ပြင်ဆင်ဆက်သွယ်ထားခြင်း၊ ရေကြီးနစ်မြုပ်မှု ဖြစ်ပွားပါက ကယ်ဆယ်ရေးလမ်းကြောင်းနှင့် ကယ်ဆယ်ရေးစခန်းများ အရေးပေါ်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများအား ပူးပေါင်းကူညီခြင်း၊ ရေလှောင်တမံနှင့် ရေဘေးကာကွယ်ရေးတာများ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအစီအမံ (Emergency Preparedness Plan –EPP) ပြင်ဆင်ထားခြင်း၊ အများပြည်သူများသို့လည်းသတင်းစာ၊ ဌာန Website စာမျက်နှာများမှတစ်ဆင့် အသိပေးမျှဝေခြင်းတို့အား ဆောင်ရွက်ထားရှိပါသည်။

တာတမံနိမ့်သောနေရာများတွင် ကန်သင်းဆင့်ခြင်း၊ သဲအိတ်ချခြင်း၊ တာအိတာလျောသော နေရာများတွင် တုတ်တန်းရိုက် သဲအိတ်ချကာကွယ်ခြင်း၊ သဲဗွက်ထခြင်းနှင့်ရေပေါက်(ထူးပေါက်) ပေါက်သောနေရာများတွင် အရေးပေါ်ရေခွေ ခွေခြင်းတို့အား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် ရေဘေးကာကွယ်ရေးအတွက် ဒေသခံပြည်သူများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများဖြင့် မြို့နယ်အလိုက် သရုပ်ပြပွဲ၊ ဟောပြောပွဲများကို ကျင်းပ၍ ရေဘေးကာကွယ်ရေးနည်းလမ်းများ ပညာပေးမျှဝေခြင်း၊ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအစီအမံ (Emergency Preparedness Plan – EPP) အား ရှင်းလင်းတင်ပြခြင်း၊ ရေဘေးကာကွယ်ရေးနည်းလမ်းများ လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

**အရေးပေါ်အခြေအနေ အဆင့်အတန်းသတ်မှတ်ခြင်း**

အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအစီအမံ (Emergency Preparedness Plan – EPP) အရ ရေဘေးကာကွယ်ရေးတာတမံများ၏ ထူးခြားသော အခြေအနေများကို ဒေသခံပြည်သူများသို့ အသိပေးကြေညာရာတွင် အရေးပေါ်အခြေအနေ အဆင့် (၃) ဆင့်ဖြင့် ပိုင်းခြားသတ်မှတ်ထားပါသည်။

**(က) အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု (အဆင့် – ၁) သတ်မှတ်ခြင်း**

မြစ်ရေမှတ်သည် တာတမံတစ်ခုချင်းအလိုက် သတ်မှတ်ထားသော စိုးရိမ်ရေမှတ်သို့ ရောက်ရှိခြင်း၊ တာတမံကိုယ်ထည်၏ အောက်ဘက် (Down-stream) ပိုင်းမှ ရေစိမ့်ထွက်ခြင်းနှင့် ရေပေါက် (ထူးပေါက်)များဖြစ်ပေါ်ခြင်း၊ သဲဗွက်များဖြစ်ပေါ်လာခြင်း၊ တာတမံကိုယ်ထည်တွင် ရေစိမ့်ထွက်မှုမရှိသေးသည့် အက်ကြောင်းများဖြစ်ပေါ်လာခြင်း၊ တာတမံထိပ်မျက်နှာပြင်နိမ့်ကျခြင်း၊ တာတမံဘေးလျှောစောက်များလျှောကျခြင်း၊ တာတမံ၏ အနီးပတ်ဝန်းကျင်ဧရိယာအတွင်းတွင် ငလျင်လှုပ်ခတ်ခြင်း၊ တာတမံ၏ကြံ့ခိုင်မှုအား စိုးရိမ်ဖွယ်မရှိသည့် အဖျက်အမှောင့်လုပ်ငန်းတစ်ခုခု ဖြစ်ပေါ်ခြင်း (ဥပမာ–ဖုံးဖောက်ခွဲခြင်း)။

တာတမံ၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခြင်း၊ မရောက်ရှိသေးသော်လည်း တာတမံတွင် ထူးခြားသည့် အခြေအနေများဖြစ်ပေါ်ပါက အရေးပေါ်အခြေအနေ အဆင့်–၁ အဖြစ် သတ်မှတ်၍ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် ပြည်သူလူထုအား ဆက်သွယ်အသိပေးပြီး အများပြည်သူမြင်သာသောနေရာများနှင့် ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများတွင် အစိမ်းရောင်အလံအား လွှင့်ထူထားမည်ဖြစ်ပါသည်။

**(ခ) အရေးပေါ်အခြေအနေကြိုတင်စီမံခန့်ခွဲမှု (အဆင့် – ၂) သတ်မှတ်ခြင်း**

မြစ်ရေမှတ်သည် တာတမံ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်မြင့်တက်လာပြီး လက်ရှိတာထိပ်(Existing Crest Level – ECL) သို့ ရောက်ရှိရန် တစ်ပေခန့်သာလိုပြီး ဆက်လက်မြင့်တက်လာမည့် အခြေအနေရှိခြင်း၊ အရေးပေါ်အခြေအနေ အဆင့်–၁ တွင် ဖော်ပြထားသော တာတမံကိုယ်ထည်ထိခိုက်မှုများ ပိုမိုပြင်းထန်လာပြီး ရေစိမ့်ထွက်မှုများပြားလာခြင်းနှင့် ရေနောက်များ ထွက်လာခြင်း။

ဤအခြေအနေတွင် အရေးပေါ်အခြေအနေ အဆင့်–၂ အဖြစ် သတ်မှတ်၍ ပြည်သူလူထုအား ဆက်သွယ်အသိပေးပြီး အများပြည်သူမြင်သာသော နေရာများနှင့် ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများတွင် အဝါရောင်အလံကို လွှင့်ထူထားမည်ဖြစ်ပါသည်။ အသံချဲ့စက်များဖြင့်လည်း လှည့်လည်ကြေညာမည်ဖြစ်ပါသည်။

**(ဂ) အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှု(အဆင့် – ၃) သတ်မှတ်ခြင်း**

မြစ်ရေမှတ်သည် ဆက်လက်မြင့်တက်လာပြီး တာတမံကိုယ်ထည်ပေါ် ရေကျော်၍ တာတမံကျိုးပေါက်နိုင်မည့်အခြေအနေရှိခြင်း၊ တမံကိုယ်ထည်အောက်ဘက်ပိုင်း ရေစိမ့်မှုသည် ထိန်းချုပ်မရသည်အထိ ပိုမိုများပြားလာခြင်း၊ အရေးပေါ်အခြေအနေ အဆင့်–၂ တွင် ဖော်ပြထားသော တာတမံကိုယ်ထည်ထိခိုက်မှုများ ပိုမိုပြင်းထန်လာပြီး ရေစိမ့်ထွက်မှုလွန်စွာများပြားလာခြင်းနှင့် တာတမံကျိုးပေါက်နိုင်မည့် အခြေအနေရှိလာခြင်း။

ဤပြင်းထန်သောအခြေအနေတွင် အရေးပေါ်အခြေအနေ အဆင့်–၃ အဖြစ် သတ်မှတ်၍ ပြည်သူလူထုအား ဆက်သွယ်အသိပေးပြီး အများပြည်သူမြင်သာသောနေရာများနှင့် ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများတွင် အနီရောင်အလံအား လွှင့်ထူထားမည်ဖြစ်ပါသည်။ အသံချဲ့စက်များဖြင့်လည်း လှည့်လည်ကြေညာမည်ဖြစ်ပါသည်။

အရေးပေါ်အခြေအနေများအလိုက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အသိပေးခြင်းနှင့် ကြိုတင်ရွေးချယ်စီမံထားသော ရေလွတ်ရာကုန်းမြင့်ဒေသများသို့ ရှောင်တိမ်းနေထိုင်ရန် သတိပေးနှိုးဆော်ခြင်းများအား အဆင့်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တာတမံကြံ့ခိုင်မှုအတွက် အရေးပေါ်ကာကွယ်ဆောင်ရွက်ရမည့်အစီအမံများ (ဥပမာ – ရေခွေခွေခြင်း၊ မိုးကာစဖုံးအုပ်ခြင်း၊ တမံကိုယ်ထည်၏ အနောက်ဘက်မှ အရေးပေါ်တုတ်တန်းရိုက်၍ မြေဖို့ခြင်း စသည်ဖြင့် ...) ကို အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်ခြင်း၊ ဆောင်ရွက်မည့်အစီအမံများကို သက်ဆိုင်ရာအဆင့်ဆင့်သို့ တင်ပြခြင်းလုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အခြားဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ အရေးပေါ်တုံ့ပြန်ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ကြိုတင်ပူးပေါင်းပြင်ဆင်ဆောင်ရွက်ခြင်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ရာတွင် ဤသို့အရေးပေါ်အခြေအနေအစီအမံများ ဖော်ပြခြင်းသည် ရေကြီးရေလျှံမှု အရေးပေါ်အခြေအနေများတွင် တုံ့ပြန်ဆောင်ရွက်မှုများ အဆင်သင့်ဖြစ်စေရန်နှင့် ဒေသခံပြည်သူ လူထုအား ဆက်သွယ်အသိပေးရန် ဌာန၏ကြိုတင်ပြင်ဆင်ထားမှုအား ရှင်းလင်းသိရှိစေရန် မျှဝေဖော်ပြခြင်းသာဖြစ်ပါသည်။ တာတမံများကျိုးပေါက်ခြင်း ပြင်းထန်သောအခြေအနေများသည် ဖြစ်တန်စွမ်းနည်းပါးသည့် အခြေအနေများဖြစ်၍ ပြည်သူများအနေဖြင့် တာတမံများ ကျိုးပေါက်ခြင်းနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှု များစွာမကြီးကြပါရန်လည်း အသိပေးတင်ပြအပ်ပါသည်။

ရေဘေးအန္တရာယ်များအား ရင်ဆိုင်ရာတွင် များစွာလျှော့တွက်ခြင်း၊ လွန်စွာကြိုတင်စိုးရိမ်ပူပန်ခြင်းဟူသည့် အစွန်းနှစ်ဖက်ကိုရှောင်၍ သတင်းများ စောင့်ကြည့်လေ့လာခြင်း၊ ဘေးအန္တရာယ်သတိပေးချက်များလိုက်နာခြင်း၊ လိုအပ်လာသည့်အချိန်တွင် အရေးပေါ်ဆေးဝါး အစားအသောက်များ ပြင်ဆင်ထားခြင်း စသည်ဖြင့် လက်တွေ့ကျသော တုံ့ပြန်ကာကွယ်မှုများဖြင့် ရင်ဆိုင်သင့်ပါသည်။

သဘာဝဘေးအန္တရာယ်များအား ရင်ဆိုင်တုံ့ပြန်ရာတွင် အစိုးရနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ကြိုတင်စီမံခန့်ခွဲမှုနှင့် အလျင်အမြန်တုံ့ပြန်ကူညီဆောင်ရွက်နိုင်မှု၊ ပြည်သူလူထု၏ သတင်းအချက်အလက် နားထောင်၍ အချင်းချင်းမျှဝေတတ်မှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိဗဟုသုတပြည့်စုံမှုတို့သည်သာ ပျက်စီးဆုံးရှုံးမှုကို လျှော့ချနိုင်သည့် အရေးကြီးညွှန်းကိန်းများဖြစ်ရာ သတိနှင့်ဉာဏ်ပညာယှဉ်သော စိုးရိမ်ရင်ဆိုင်ဆောင်ရွက်မှုများဖြင့် ရေဘေးအန္တရာယ်ထိခိုက်မှုများမှ လျော့ပါးသက်သာကြပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။ ။

# တာမွေမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီ အသင်းဝင်များ၊ မြို့နယ်လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ရပ်ကွက်များအတွင်း ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်ကြသည်။



ထိုကဲ့သို့ ဆောင်ရွက်ရာတွင် တာမွေမြို့နယ် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများသည် ရပ်ကွက်များအတွင်းရှိ လူနေအိမ်များ၊ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ကလိုရင်းဆေးရည်များ လိုက်လံခတ်ပေးခြင်း၊ပြင်းထန် ဝမ်းပျက်ဝမ်းလျှော ရောဂါနှင့် ပတ်သက်၍ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေး ပိုစတာများ ကပ်ထား ကြေညာခြင်းများကို အရှိန်အဟုန်မြှင့် ပူးပေါင်း ဆောင်ရွက်ကြသည်။

ထို့အတူ မြို့နယ်အတွင်းရှိ ဈေးများနှင့် အစားအသောက် ရောင်းချသည့်ဆိုင်များ၌ ကျန်းမာရေးနှင့် ညီညွတ်စွာ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ ရောင်းချကြရန်၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပတ်သက်၍ အသိပညာပေးခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြပြီး အများသုံး ရေလှောင်ကန်များအတွင်း ကလိုရင်းဆေးရည်များ လိုက်လံခတ်ပေးကြသည်။ (အပေါ်ပုံ)

ရန်ကုန်တိုင်း ဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ်တွင် ဇွန် ၂၃ ရက်မှ စတင်ကာ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုများ ဖြစ်ပေါ်ပြီး ယနေ့အထိ ဝမ်းပျက်ဝမ်းလျှော ရောဂါ ဖြစ်ပွားသူ ၂၁ ဦးအထိ ရှိရာ ပြန်လည်ကောင်းမွန်လာသူ ၁၄ ဦးရှိ၍ လက်ရှိဆေးကုသမှုခံယူနေသူ ခုနစ်ဦးရှိကြောင်းနှင့် မြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှော ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းကော်မတီအနေဖြင့် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)



## ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မိုးရာသီပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲ နှစ်ယောက်တွဲ (အမျိုးသား) ပထမ၊ ဒုတိယအဆင့်၊ ရှုံးထွက်ပွဲစဉ်များကျင်းပ

**တောင်ငူ ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူပညာရေးဒီဂရီကောလိပ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖလား ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မိုးရာသီပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်မှစတင်၍ ကျင်းပလျက်ရှိရာ ဇူလိုင် ၂၃ ရက်တွင် နှစ်ယောက်တွဲ (အမျိုးသား) ပထမ၊ ဒုတိယအဆင့်၊ ရှုံးထွက်ပွဲစဉ်များ ကျင်းပသည်။

တောင်ငူပညာရေးဒီဂရီကောလိပ်အားကစားရုံတွင် နှစ်ယောက်တွဲ (အမျိုးသား) ပထမ၊ ဒုတိယအဆင့်၊ ရှုံးထွက်ပွဲစဉ်များကို ကျင်းပပြီး အနိုင်ရရှိသည့် အသင်းများဖြစ်သည့် မုံရွာအသင်းနှင့် ရန်ကင်းအသင်း၊ သဃ်န်းကျွန်းအသင်းနှင့် မြောင်းမြအသင်းတို့သည် အကြိုဗိုလ်လုပွဲအဖြစ် တွေ့ဆုံကြမည်ဖြစ်သည်။

ဇူလိုင် ၂၄ ရက်တွင် သုံးယောက်တွဲ (အမျိုးသား) ပထမ၊ ဒုတိယအဆင့်၊ ရှုံးထွက်ပွဲစဉ်များ၊ ဇူလိုင် ၂၅ ရက်တွင် လေးယောက်တွဲ (အမျိုးသား) ပထမ၊ ဒုတိယအဆင့်၊ ရှုံးထွက်ပွဲစဉ်များ၊ ဇူလိုင် ၂၆ ရက်တွင် အကြို ဗိုလ်လုပွဲများ၊ ဇူလိုင် ၂၇ ရက်တွင် တတိယလုပွဲနှင့် ဗိုလ်လုပွဲတို့ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်ကိုကို (တောင်ငူ)

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား ”** အစီအစဉ်မှ **“ဥပဒေမရှိ လက်နက်အားကိုးနဲ့ အာဏာပြ ဖိနှိပ်ခြိမ်းခြောက်လျက်ရှိတဲ့ အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ပြန်လည်တည်ဆောက်ရေးနဲ့ တည်ငြိမ်လာပြီဖြစ်တဲ့ လှိုင်ကော်မြို့ကို ကြည့်ပြီး တပ်မတော်နဲ့ အကြမ်းဖက် ဘယ်သူကတိုင်းပြည်အတွက်လဲဆိုတာ သိသင့်ပြီ”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**မော်လမြိုင် ဇူလိုင် ၂၃**

မွန်ပြည်နယ် မုဒုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းခွဲတို့တွင် ဇူလိုင် ၂၂ ရက်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိန္ဒြေအောင်နှင့် ဒုတိယဦးစီးမှူး ဦးလင်းထက်တို့က လေထုညစ်ညမ်းခြင်းနှင့်နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းခြင်း ပတ်ဝန်းကျင်အကြောင်း သိကောင်းစရာ အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

**သစ်ပင်စိုက်မှ အရိပ်ရ၏**
**ရိပ်ခိုနားနေ အပန်းဖြေ၏**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၇ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၁၅ ကျပ် | ၂၄၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၃၅ ကျပ် | ၂၉၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၈၅ ကျပ် | ၂၇၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၀၅ ကျပ် | ၂၈၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၈၅၀၀ | ၂၀၂၂ | ၁၇၄၉၃၄၀၀ |
| MTSH | ၃၄၅၀ | ၃၅၅၀ | ၇၀၇ | ၂၄၅၉၈၅၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၁၀၀ | ၈၃၀၀၀၀ |
| FPB | ၁၆၅၀ | ၁၇၀၀ | ၁၀၉၇၈ | ၁၈၆၁၃၇၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၅ | ၄၂၀၀၀ |
| EFR | ၁၇၀၀ | ၁၇၅၀ | ၁၈၆၀ | ၃၂၄၀၁၅၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၄၂၅ | ၂၀၁၈၀၀၀ |
| MAEPC | ၃၇၅၀ | ၃၆၅၀ | ၃၉ | ၁၄၃၉၅၀ |

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
## စာပေပညာဌာန၊ အနုပညာဌာနခွဲ(ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်)၊ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာဌာနနှင့် စီမံရေးရာဌာနတို့တွင် တာဝန်ထမ်းဆောင်ရန် ရာထူးနေရာများခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)ရှိ စာပေပညာဌာန၊ အနုပညာဌာနခွဲ(ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်)၊ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာဌာနနှင့် စီမံရေးရာဌာနတို့တွင် တာဝန်ထမ်းဆောင်ရန် သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများကို အောက်ဖော်ပြပါ ရာထူးနေရာများ၏ အရေအတွက်အတိုင်း ရွေးချယ်ခန့်အပ်သွားမည်ဖြစ်ပါသည် -

| စဉ် | ရာထူး | လစာနှုန်း | ရာထူးနေရာ |
|---|---|---|---|
| (က) | နည်းပြ(မြန်မာစာ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၁ နေရာ |
| (ခ) | နည်းပြ(အင်္ဂလိပ်စာ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၁ နေရာ |
| (ဂ) | နည်းပြ(ဂီတ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၁ နေရာ |
| (ဃ) | နည်းပြ(သဘင်) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၁ နေရာ |
| (င) | နည်းပြ(ပန်းချီ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၁ နေရာ |
| (စ) | နည်းပြ(ပန်းပု) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၁ နေရာ |
| (ဆ) | နည်းပြ(ရုပ်ရှင်နှင့်ပြဇာတ်) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၂ နေရာ |
| (ဇ) | နည်းပြ(ယဉ်ကျေးမှု အမွေအနှစ် စီမံခန့်ခွဲမှု) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၂ နေရာ |
| (ဈ) | ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၁ နေရာ |
| (ည) | လုပ်သား(ပန်းခြံ) | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၁ နေရာ |

၂။ နည်းပြ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်) ရာထူးနေရာများ အတွက် လျှောက်ထားသူများသည် သက်ဆိုင်ရာအထူးပြုဘာသာရပ်များ အလိုက် မဟာဝိဇ္ဇာဘွဲ့ရရှိပြီးသူ (သို့မဟုတ်) မဟာဝိဇ္ဇာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဖြစ်ရမည်။ ၃၁-၇-၂၀၂၄ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ် အသက် ၃၀ နှစ် (နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်) ထက်မကျော်လွန်သူဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ နည်းပြ(ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှု)ရာထူးနေရာများအတွက် လျှောက်ထားသူများသည် မဟာဝိဇ္ဇာဘွဲ့ရရှိပြီးသူ၊ ဝန်ထမ်းဖြစ်ပါက ဘွဲ့တစ်ခုခုရရှိပြီး ရှေးဟောင်းသုတေသန/ပြတိုက် ဒီပလိုမာ ရရှိသူဖြစ်ရမည်။ ၃၁-၇-၂၀၂၄ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ် အသက် ၃၀ နှစ် (နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက အသက် ၃၅ နှစ်) ထက် မကျော်လွန်သူ ဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၄။ ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးနေရာအတွက် လျှောက်ထားသူများသည် ဘွဲ့တစ်ခုခုရရှိပြီးသူ၊ ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူဖြစ်ရမည်။ ၃၁-၇-၂၀၂၄ ရက်နေ့တွင် ပြင်ပ ပုဂ္ဂိုလ် အသက် ၃၀ နှစ် (နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက အသက် ၃၅ နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၅။ လုပ်သား(ပန်းခြံ) ရာထူးနေရာအတွက် လျှောက်ထားသူများသည် အခြေခံပညာ မူလတန်းအောင်မြင်ပြီး စိမ်းလန်းစိုပြည် သာယာလှပရေးလုပ်ငန်းအား စိတ်ဝင်စားသူ ဖြစ်ရမည်။ ၃၁-၇-၂၀၂၄ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ် အသက် ၃၀ နှစ် (နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက အသက် ၃၅ နှစ်) ထက်မကျော်လွန်သူဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၆။ လျှောက်ထားလိုသူများသည် လူကိုယ်တိုင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ် (ရန်ကုန်)၊ စီမံရေးရာဌာနခွဲရုံးခန်းသို့ ရုံးချိန်အတွင်း လာရောက် လျှောက်ထား ရမည် ဖြစ်ပါသည်။

၇။ ရေးဖြေစစ်ဆေးခြင်းနှင့် လူတွေ့၊ လက်တွေ့စစ်ဆေးမည့် အစီအစဉ်ကို ထပ်မံ အကြောင်းကြားသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) (ဖုန်း-၀၉၂၅၆၁၀၉၁၅၅၊ ၀၉၅၀၅၆၄၂၅) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ သွဏ္ဏာ(၂)လမ်း၊ မြေကွက်အမှတ် (၇၄၉)၊ အကျယ်အဝန်း (၄၃ ပေ × ၆၀ပေ)ရှိ ဒေါ်သူဇာအောင် (၁၂/အစန (နိုင်) ၀၃၁၇၂၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်သူဇာအောင် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

**ပျောက်ဆုံးကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နေ မောင်သက်နေအောင် (ဘ)ဦးရဲဝင်း၁၂/တကန(နိုင်)၁၅၄၄၁၆ ၏နိုင်ငံကူးလက်မှတ်အမှတ် (MG208269)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၈၆၃၁၄

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ငွေလုံးငွေရင်း အသုံးစရိတ် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်မရမ်းကုန်း မြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်းမကြီး၊ သမိုင်းဘူတာ ရုံလမ်းမကြီးနှင့် မြောက်ဥက္ကလာပမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်၊ သုဓမ္မာလမ်းမကြီးတစ်လျှောက်လမ်းမီး မြေအောက်ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းတွင် လမ်းမီးမြေအောက် ဓာတ်အားလိုင်းတည်ဆောက်ခြင်းနှင့် လမ်းမီးလုံးများ တပ်ဆင်ခြင်းများ ဆောင်ရွက်ရန်အတွက်လိုအပ်သောလမ်းမီးဆိုင်ရာပစ္စည်းများ အား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၅.၇.၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှ (၉.၈.၂၀၂၄) (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက် အလက်များသိရှိလိုပါက ဖုန်းနံပါတ် - ၀၁ ၂၂၀၈၁၀၆ သို့ ရုံးချိန်အတွင်းဆက်သွယ် စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၆)၊ မြေကွက် အမှတ်(၉၂၅)၊ ဦးဘဝင်းလမ်း၊ ဧရိယာအကျယ်အဝန်း(၅၀ ပေ x ၅၀ ပေ) ရှိ ဒေါ်ခင်သင်းယု(၇/ကပက(နိုင်)၀၀၀၁၇၇) အမည်ပေါက် နှစ်(၆၀) ဂရန်မူရင်း အိမ်နှင့်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဒေါ်ခင်သင်းယု မှ လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းဆွေ(၉/မခန(နိုင်)၁၈၃၂၄၅)မှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုရည်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၄၅)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်စောနောင်လမ်း၊ အကွက်အမှတ်(၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ်(၆)ဟုခေါ်တွင်သော ဧရိယာ(၀ဒသမ၁၁၉)ဧက အကျယ်ရှိ ဒေါ်ကြည် အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးလင်းအောင် ၁၂/ကမတ(နိုင်)၀၅၂၂၅၆ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေညို ၁၂/သကတ(နိုင်)၁၈၃၄၆၅က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည်(LL.B,D.B.L)(စဉ်-၁၄၆၆၈)**
**ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်(LL.B)**
**(စဉ်-၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**

**ဒေါ်ခင်သီတာမြင့်အောင်(LL.B)**
**(စဉ်-၅၂၀၆၄)**
**အထက်တန်းရှေ့နေ**

**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊သန်လျင်မြို့၊**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

### အများသိစေရန်ကြေညာချက်

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ Lotus Garden Drive လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၁၉၃/၂)၊ အမှတ်(၂၆၃)တွင် (၂)ထပ်တိုက် (မိသားစုနေအိမ်) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအထောက်အထားအနေဖြင့် ပန်းလှိုင်အိမ်ရာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် Yoma Development Group Ltd (ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၈၁၂၁၃၄၉၆)ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ဇမီရမ် (၁/မညန(နိုင်)၀၀၀၆၂၁)မှ BP1-10295 ဖြင့် အဆောက်အဦ ဆောက်လုပ်ခွင့် တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အောင်မင်္ဂလာ(၁)လမ်း၊ (၄)ရပ်ကွက်၊ အမှတ်(၅၁)၊ မြေညီ (ခေါင်းရင်း)တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်တင်ထွေး ၈/မသန (နိုင်)၀၈၆၁၉၉ထံမှ ကျွန်မ ဒေါ်ကြည်ကြည်လွင် ၁၄/မအပ(နိုင်)၀၃၄၇၉၈ နှင့် အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်ကြည်ကြည်လွင်
ဖုန်း-၀၉-၄၂၁၀၃၆၆၀၇

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ကန်ထရိုက် တိုက်ရငွေများဖြင့် ခရိုင် (၁၄) ခရိုင် အတွင်းရှိ မြို့နယ်များတွင်ကန်ထရိုက်တိုက်များမီးရရှိရေးအတွက် လိုအပ်သော 11-6.6/0.4 kV, 200kVA (Single Pole Mounted with Structrure) ထရန်စဖော်မာများအား မြန်မာကျပ်ငွေဖြင့်အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၅.၇.၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၉.၈.၂၀၂၄)ရက်နေ့၊(၁၄:၀၀)နာရီဖြစ်ပြီးအသေးစိတ် အချက်အလက်များသိရှိလိုပါကဖုန်း၊၀၁-၂၂၀၈၁၀၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်း နိုင်ပါသည်။

**တင်ဒါကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ် (၇)ရပ်ကွက်၊ (ဖွဲ့မာန်လွင်)မြို့ပြသာယာ လှပရေးကြီးကြပ်မှုကော်မတီမှ မြို့ကွက်မြေနေရာများအား ဖော်ထုတ်ခဲ့ပြီး ၁၉၉၀-၁၉၉၁ ခုနှစ်မှစ၍ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများနှင့် ဒေသခံများအား ဦးစားပေး၍ ခွင့်ပြုချထားပေးခဲ့သော မြေနေရာများအနက် မြေကွက်အမှတ် (၁၀၇၅၊ ၁၁၀၁၊ ၁၁၂၈၊ ၁၁၅၃၊ ၁၁၇၂၊ ၁၁၇၄၊ ၁၁၈၄၊ ၁၁၈၆၊ ၁၀၃၅၊ ၁၀၅၃၊ ၁၁၈၂) မြေနေရာများတွင် မြေနေရာခွင့်ပြုချက်ရရှိသူ တစ်ဦး တစ်ယောက်မှ အခြေချနေထိုင်ခြင်း၊ ချုံနွယ်ရှင်းလင်းခြင်း၊ သက်ဆိုင်ရာရုံး များသို့ ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသဖြင့် မြို့ပြသတ်မှတ်ပုံစံများနှင့် အကောင်အထည်ဖော်နိုင်မှုမရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ ဖော်ပြပါ မြေနေရာနှင့် သက်ဆိုင်သူများသည် အသိပေးကြော်ငြာသည့်ရက်မှ (၁)လ အတွင်း (၂၄-၈-၂၀၂၄)ရက်ထိ ဖော်ပြပါမြေနေရာများနှင့်ပတ်သက်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်နှင့် ဆက်သွယ်မှု တစ်စုံတစ်ရာမရှိပါက စည်းကမ်းပျက်မြေအဖြစ်သတ်မှတ်၍ မြေနေရာကို ပြန်လည်သိမ်းဆည်းမည် ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘားအံမြို့**

## အများသိစေရန်ကြေညာချက်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၇-လမ်း၊ အမှတ်(၃၅)အန္တရာယ်ရှိ အဆောက်အအုံအား (၆)ထပ်တိုက်ဆောက်လုပ်ရန် လိုင်စင်ရကန်ထရိုက်တာ ဦးဘခင်(LC-၁၇) ဖြင့်ခွင့်ပြုထားခြင်းအား ကန်ထရိုက်တာ ဦးဘခင်ကွယ်လွန်၍ လိုင်စင်ရကန်ထရိုက်တာ ဦးကျော်မင်းထွန်း(LC-၂၆၇)ဖြင့် ပြောင်းလဲဆောက်လုပ် ခွင့်ပြုပါရန် နေထိုင်သူများနှင့် ကန်ထရိုက်တာတို့မှ ဤဌာနသို့လျှောက်ထား လာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့် နေ့မှစ၍ရက်ပေါင်း(၁၄)ရက်အတွင်း လျှောက်ထား ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက် အမှတ်(ဘဘ-၇)၊ ဦးပိုင်အမှတ် (၁-က/၁၂)၊ ၄၇x၄၈ကြား၊ ၁၁၃x၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်)၀၂၃၀၃၉ ၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၁၄/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်စိုး ၉/မရတ(နိုင်)၀၂၈၅၄၅ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ အင်းမမြို့၊ ကဝိစည်သူကိုယ်ပိုင်အထက်တန်းကျောင်း Grade 12 မှ ဦးရန်ဝေး ၇/နတလ(နိုင်)၀၁၃၁၀၁၏ သမီး မဖြိုးသဒ္ဒါအား မဖြိုးသဒ္ဒါဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၁၀-၂၀၀၆ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ ဘိုးပိုက်ဆံ(၅)ရပ်ကွက်နေ ဦးစိုးထက်အောင်၏ သား မောင်သူရထက်မြတ်အောင် ၇/ကတခ(နိုင်)၂၀၉၆၇၁၏ ပတ်စ်ပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၃၅၆၀၉၉၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/2321 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက် အမှတ် ဘဘ-၇၊ ဦးပိုင်အမှတ် ၁-က/၃၅၊ ၄၇X၄၈ကြား၊ ၁၁၃X၁၁၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်)၀၂၃၀၃၉၏ အထူး ကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၁၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်စိုး ၉/မရတ(နိုင်)၀၂၈၅၄၅က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီ ကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁၀/၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | အရေအတွက် |
|---|---|---|---|
| ၁။ | 72(LPT) /MPE-F4/F5 | Trichloroisocyanuric Acid (TCCA) | 7 MT |
| ၂။ | 73(LPT) /MPE-F4/F5 | Poly Aluminium Chloride (PAC) | 100 MT |
| ၃။ | 49R(LPT) /MPE-F5 | Low Voltage Motor Manager (BDM 100M) (Brand New) | 10 Nos. |
| ၄။ | 50R(LPT) /MPE-F5 | Low Voltage Motor Manager (BDM 100M + Type ) (Brand New) | 5 Nos. |
| ၅။ | 57R(LPT) /MPE-KZ | Jockey Pump with Motor (Brand New) Complete Set | 1 No. |
| ၆။ | 11R-R(LPT)/MPE-F5 | Boiler Feed Water Pump Complete Set without Motor (Brand New) | 1 Set |
| ၇။ | 12R-R(LPT)/MPE-F5 | Moltern Urea Pump (P-3202 A/B) with Motor (Brand New) | 1 Set |
| ၈။ | 36R-R(LPT)/ MPE-F5 | Absorber Return Pump(P-3403 A/B) Complete Set with Motor(Brand New) | 1 Set |
| ၉။ | 27R-R(LPT)/MPE-MANN | Liquid Control Flow Meter for Bowser Filling Station (Brand New) | 1 Set |
| ၁၀။ | 39R-R(LPT)/MPE-MBU | Flat Type Cable for Water Intake Pump Motor (Brand New) | 110 M |
| ၁၁။ | 40R-R(LPT)/MPE-KZ | Starting Transformer | 1 No. |
| ၁၂။ | 41R-R(LPT)/MPE-KZ | Floor Stand Type Sewing Machine (Brand New) | 1 No. |
| ၁၃။ | 42R-R(LPT)/MPE-KZ | Elevator | 1 No. |
| ၁၄။ | 60R-R(LPT)/MPE-KZ | HART Communicator with Complete Set | 1 No. |
| ၁၅။ | 65R(LPT)/MPE-F4 | Low Voltage Motor Manager (BDM- 100M) (Brand New) | 15 Nos. |
| ၁၆။ | အဆိုပြုလွှာအမှတ် 21/MPE-F4 | Steam Jackeet Line, Steam Tracing Line နှင့် ဆက်စပ်ပစ္စည်းများ | 1 Lot |
| ၁၇။ | အဆိုပြုလွှာအမှတ် 8R/MPE-KZ | Conductivity Meter (Brand New) | 1 No. |
| ၁၈။ | အဆိုပြုလွှာအမှတ် 10R/MPE-KZ | Clear Service Pump with Motor (Brand New) Complete Set | 1 No. |
| ၁၉။ | အဆိုပြုလွှာအမှတ် 11R/MPE-KZ | Clear Feed Pump with Motor (Brand New) Complete Set | 1 No. |
| ၂၀။ | 69R(LPT) /MPE-HQ | Stationery | 3 Items |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၂၄-၇-၂၀၂၄ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဘဏ္ဍာရေးဌာန(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန Website (energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို အောက်ဖော်ပြပါ တင်ဒါပိတ်မည့်နေ့များတွင် (၁၁ : ၀၀) နာရီမှ ( ၁၂ : ၀၀ ) အတွင်း စီမံရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (နေပြည်တော်)သို့ လူကိုယ်တိုင်လာ ရောက်ပေးသွင်းရန် ဖြစ်ပါသည်-

(က) အမှတ်စဉ် ( ၂၀ ) အိတ်ဖွင့်တင်ဒါ ၃၁.၇.၂၀၂၄

(ခ) အမှတ်စဉ် ( ၁ မှ ၁၉ အထိ ) အိတ်ဖွင့်တင်ဒါများ ၇.၈.၂၀၂၄

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
ဖုန်း-၀၆၇-၃၄၁၁၁၂၃၊ ၀၆၇-၃၄၁၁၁၉၃၊ ၀၆၇-၃၄၁၁၁၇၅

## ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အထက (မြစ်ကျိုး)ကျောင်း Grade-12 မှ မခင်ယွန်းငယ်၏ ဖခင်အမည်မှန်မှာ ဦးဆန်းညွန့် ၇/ဝမန(နိုင်)၀၄၀၉၂၈ ဖြစ်ပါကြောင်း။

**ဦးဆန်းညွန့်**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ ကျောက်တန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း Grade-5 မှ မောင်ဟိန်းထက်အောင်၏ ဖခင် ဦးသန်းနိုင်ဦး၏ အမည်မှန်မှာ ဦးသန်းနိုင် ၈/မဘန(နိုင်)၀၈၉၇၉၂ ဖြစ်ပါကြောင်း။

**ဦးသန်းနိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/23231, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာရွှေ ၁၄/ပသန(နိုင်)၁၇၀၇၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၇၊ ဦးပိုင်အမှတ် ၁-က/၃၃၊ ၄၇x၄၈ ကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်)၀၂၃၀၃၉ ၏ အထူး ကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၁၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်စိုး ၉/မရတ(နိုင်)၀၂၈၅၄၅က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

